ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့၊ (27-9-2005)(၄၇၃၁)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကနေဒါနိုင်ငံ ဘုရင်ခံချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကနေဒါနိုင်ငံ၏ (၂၇)ဆက်မြောက် ဘုရင်ခံချုပ်အဖြစ် ခန့်အပ်ခြင်းခံရသော မစ်(စ်) မီရှယ်လ်ဂျင်းန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့ညနေ ၄ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. M. Khairuzzaman၊ စစ်သံမှူး Brig-Gen. Helal Uddin Ahmed နှင့်သံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ကြိုဆို နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးခရီး ပြန်လည် ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက် စဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✳ **နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး**
- ✳ **အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး**
- ✳ **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး**
- ✳ **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး**

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ **စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- ✳ **ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
- ✳ **ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- ✳ **နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး**

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ **တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး**
- ✳ **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး**
- ✳ **မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး**
- ✳ **တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၇-၉-၂၀၀၅
(အင်္ဂါနေ့)

အမျိုးသားညီလာခံအောင်မြင်ရေး တက်ညီလက်ညီကြိုးပမ်း ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ရေး ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏သမိုင်းကြောင်း အခြေခံများနှင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက်အပေါ် အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းလျက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပါရှိပြီး ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ ညီလာခံ၏ လုပ်ငန်းများ ခရီးပေါက်၍ အောင်မြင်မှု အရှိန်အဟုန်ရရှိနေပြီ ဖြစ်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး အမှတ်စဉ် (၅/၂၀၀၅)ကို စက်တင်ဘာလ ၂၄ ရက်နေ့က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် **ပြည်သူများ လိုလားတောင့်တနေကြသည့် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး မလွဲမသွေ ထူထောင်သွားနိုင်မည်ဟု ယုံကြည်ထားပြီး ဖြစ်သည့်အတွက် ယခုနှစ်မကုန်မီ ကျင်းပပြုလုပ်မည့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပပြုလုပ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့က အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ကြရန်** တိုက်တွန်း ပြောကြားသွားသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် ညီလာခံကိုယ်စားလှယ်များ ထောက်ခံဆွေးနွေးအကြံပြုခဲ့ကြသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေး ကော်မရှင်ဖွဲ့စည်းမှု အပိုင်းများအတွက် အသေးစိတ် အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ပြီဖြစ်သည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များက ပြီးစီးခဲ့သည့် အမျိုးသားညီလာခံအစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများကို အကြံပြုစာတမ်းများ ပြုစု၍ ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။

ယခု ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံ၌ အဆိုပါ အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့အပြင် လွှတ်တော်များ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းနှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် တင်ပြသွားကြမည် ဖြစ်သည်။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရ၏ မွန်မြတ်သန့်စင်သော စေတနာဖြင့် ကြိုးပမ်းဖော်ဆောင်မှု၊ ပြည်သူတစ်ရပ်လုံး၏ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်အားထုတ်မှုတို့ဖြင့် ပြည်သူများလိုလားတောင့်တနေသည့် စစ်မှန်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မလွဲမသွေ ထူထောင်သွားနိုင်မည်ဖြစ်သည်။

ယခုအခါ ပြည်တွင်းပြည်ပမှ မနာလို မရှုဆိတ်သူများနှင့် မီဒီယာအချို့က အမျိုးသားညီလာခံ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မလိုတမာပြောကြားလျက်ရှိကြသည်။ ယင်းတို့က မည်သို့ပင် မလိုတမာ စွပ်စွဲပုတ်ခတ် ပြောဆိုနေကြစေကာမူ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီ နိုင်ငံကူးပြောင်းနိုင်ရေးတွင် အလွန်အရေးကြီးသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးကို အလေးထား၍ ဆောင်ရွက်သွားမည်သာဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့က အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းရင်း အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက် ဆက်လက်၍ အားသွန်ခွန်စိုက် ဝိုင်းဝန်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်အောင်မြင်ရေး ပြည်သူများနှင့်လက်တွဲဆောင်ရွက် တစ်နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များသုံးသပ်

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၃ ရက်တွင် မြောင်းမြမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာ ရတနာခန်းမ၌ ကျင်းပသော မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)သို့ တက်ရောက်သည်။

ရှေးဦးစွာ အသင်းဝင်ကျောင်းသား၊ ကျောင်းသူများက “ပြည်မြန်မာ”သီချင်းကို ဂုဏ်ပြုသီဆိုကာ အစည်းအဝေးကို ဖွင့်လှစ်ကြသည်။ ထို့နောက် ဗဟိုအလုပ် အမှုဆောင်က အသင်းကြီး၏ ရည်ရွယ်ချက်(၅)ရပ်နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းမှာကြားပြီး နိုင်ငံတော်က ဆောင်ရွက်နေသော ဖွံ့ဖြိုးရေး စီမံကိန်းကြီး သုံးရပ်အောင်မြင်ရေးအတွက် အသင်းဝင်များက ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ကြရန်နှင့် ခရိုင်အသင်း၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အားနည်းချက်အားသာချက်များကို လေ့လာသုံးသပ်ဆွေးနွေးသွားကြရန်မှာကြားသည်။**(အပေါ်ပုံ)**

ဂုဏ်ပြုလက်ဆောင်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ ငါးဦးတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ပြီး မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွတ်ဝင်းနှင့် ရေဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ငါးဘာသာ ဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးနှင့် အခြားထူးချွန်ဆုရရှိသူ အသင်းဝင် ၁၃ ဦးတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးကြသည်။

ရောက်ရှိ

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ရေကြည်မြို့သို့ ရောက်ရှိပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး အစည်းအဝေးခန်းမ၌ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံသည်။

ရှေးဦးစွာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်တင်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စည်းရုံးဆောင်ရွက်နိုင်မှုကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး မှာကြားသည်။

မှာကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ကျုံပျော်မြို့သို့ ရောက်ရှိ၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်မင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကိုဖြည့်ဆည်းပေးကာ ကျေးလက်နေ ပြည်သူများ အမှန်တကယ် လိုလားချက်များကို ဖြည့်ဆည်းပေးရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိ၍ စည်းရုံးရေးပိုင်း ဆိုင်ရာကဏ္ဍများကို အသေးစိတ် မှာကြားသည်။ (သတင်းစဉ်)

သာသနဟိတဓမ္မာရုံ မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သီတာလမ်း၊ သာသနဟိတဓမ္မာရုံတော်တွင် (၁၃၆၇ခု သီတင်းကျွတ်လဆန်း ၈ ရက်နေ့မှ လပြည့်နေ့) အထိ (၁၈)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲတွင် ဒေါက်တာစန္ဒာဝရာဘိဝံသ မိုးကုတ်အဖွဲ့ချုပ်နာယက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် (ရန်ကုန်)၏ ပါမောက္ခ မဟာဌာနမှူး သ-စ-အ ဓမ္မာစရိယ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ကျိုက္ကလော့ ဆရာတော် အရှင်သူမြတ်နှင့် (ပွင့်ဖြူ) အရှင်တိလောက (မိုးကုတ်ကမ္မဋ္ဌာနာစရိယ)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များအား ဟောကြားပြသမည်ဖြစ်ရာ တရားဝင်ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ကွယ်လွန်သူ ဗိုလ်မှူးကြီး စိုးမြင့်ဝင်း(ငြိမ်း) ခြောက်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဒေါ်ယဉ်ယဉ်ကြည်နှင့် သားသမီး၊ မြေးများက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ခရမ်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် “အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့”ကို ဂုဏ်ပြုသောအားဖြင့် ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ်ရှိ ခရမ်းဘိုးဘွား ရိပ်သာ၌ ကျင်းပရာ ရှေးဦးစွာ ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရမ်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ရိပ်သာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် အဖွဲ့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ကြိုဆို နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးခရီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဂီတအစည်းအရုံး အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ဂီတအစည်းအရုံး အမှုဆောင်အဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခန်းမဆောင်(A)တွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း အခြေခံအလွှာအလိုက် ပြန်လည် ဖွဲ့စည်းမည်ဖြစ်ရာ ကြိုတင်မှတ်ပုံတင်ထားသူများအားလုံး မပျက်မကွက် တက်ရောက်ရွေးချယ်ပေးနိုင်ရန် ဖိတ်ကြားအပ်ပါသည်။ ကြိုတင်မှတ်ပုံမတင်ခဲ့သူများကိုလည်း မဲပေးလိုပါကအဖွဲ့ဖြင့် စိစစ်ပြီး အကြောင်းခိုင်လုံပါက တစ်ပါတည်း ခွင့်ပြုပေးမည်ဖြစ်ပါသည်။

အလွှာအမည်	ကျင်းပမည့်နေ့ရက်	ရောက်ရှိရမည့်အချိန်
(၁) မဟာဂီတအလွှာ	၄-၁၀-၂၀၀၅	၁၀း၀၀နာရီ
(၂) ကာလပေါ်ဂီတအလွှာ	၅-၁၀-၂၀၀၅	၁၀း၀၀နာရီ
(၃) စတီရီယိုဂီတအလွှာ	၆-၁၀-၂၀၀၅	၁၀း၀၀နာရီ
(၄) စက်မှုအလွှာ	၇-၁၀-၂၀၀၅	၁၀း၀၀နာရီ
(၅) ထုတ်လုပ်ဖြန့်ချိအလွှာ	၇-၁၀-၂၀၀၅	၁၄း၀၀နာရီ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲကို စက်တင်ဘာ ၂၅ရက်က အင်းစိန် အထက(၁) ရောခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ် အမှာစကား ပြောကြားစဉ်။ (၆၁)





ဝန်ကြီး ဦးစိုးသာ အစည်းအဝေးတက်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ စက်တင်ဘာ ၂၆ရက်မှ ၃၀ရက်အထိ ကျင်းပမည့် အာဆီယံစီးပွားရေး ဝန်ကြီးများ၏ (၃၇)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ကြီး ဦးစိုးသာအား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chanthavy Bodhisane နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုဖျော်ဖြေပွဲများ တင်ဆက်မည်

ရန်ကုန် စက်တင်ဘာ ၂၆

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူး၍ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးတို့က ပူးပေါင်းစီစဉ်သည့် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဂုဏ်ပြုဖျော်ဖြေပွဲများကို အောက်တိုဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ညစဉ် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

သြော်ရုပ်ရှင်

အဆိုပါ ဂုဏ်ပြုဖျော်ဖြေပွဲများတွင် အနုပညာဦးစီးဌာနနှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့မှ အနုပညာရှင်များက အကပဒေသာများဖြင့် ကပြဖျော်ဖြေကြမည်ဖြစ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ **"သြော်ရုပ်ရှင်"** ပြဇာတ်ကို အကယ်ဒမီရန်အောင်၊ အကယ်ဒမီကျော်ရဲအောင်၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ အရိုင်း၊ ဇေရာနှင့် ကျော်ထူးတို့က ပါဝင်ကပြကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးမှ နန်းဝင်း၊ နန်းခင်မွှေး၊ မန္တလေးသိန်းဇော်နှင့် မိုးမင်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြမည်ဖြစ်သည်။ အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့က အောက်တိုဘာ ၁ ရက်ညတွင် **"မေတ္တာရွှေစောင်းအမွေကောင်း"** ပြဇာတ်ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၂ ရက်ညတွင် အနုပညာဦးစီးဌာနက **"ဣန္ဒာရုံ"** ဇာတ်ကြီးဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။ ယင်းဂုဏ်ပြုဖျော်ဖြေပွဲလက်မှတ်များကို တစ်စောင်လျှင် ငွေကျပ် ၅၀၀ နှင့် ငွေကျပ် ၁၀၀၀ တို့ဖြင့် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။ မျိုးချစ်တပ်မတော်
၅း၀၀	၈။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ် - Demand and Supply** (ပထမနှစ်-စီးပွားရေးပညာ-အိမ်တွင်းစီးပွားအထူးပြု)
၅း၂၅	၉။ ပညာခေတ်
၅း၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ နိုင်ငံတကာသတင်း
၆း၂၀	၁၃။ မိုးလေဝသသတင်း
၆း၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၂၂)**
၈း၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ကျန်းမာသုတအစီအစဉ်
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်ဓား" (အပိုင်း-၉)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

အမေရိကန်နှင့်ဗြိတိန်တို့တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြ အီရတ်မှ တပ်ဖွဲ့များ ရုပ်သိမ်းရန် ဆန္ဒပြသူများက တောင်းဆို

ဝါရှင်တန် စက်တင်ဘာ ၂၅

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် စနေနေ့က စစ်ဆန့်ကျင်ရေးနှင့် ကမ္ဘာ့စီးပွားရေးပေါင်းရုံးဆက်နွှယ်မှု ဆန့်ကျင်ရေးဆန္ဒပြပွဲပြုလုပ်ရာ ပြည်သူ ၁၀၀၀၀၀ကျော်က ပါဝင်ဆန္ဒပြခဲ့ကြသည်။ သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်ကို အီရတ်မှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ကြသည်။

အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ်ရန် တောင်းဆိုသည့် ပြည်သူ့လှုပ်ရှားမှုများ လိုအပ်ကြောင်း စစ်ဆန့်ကျင်ရေးလှုပ်ရှားသူ အမျိုးသမီးများတွင် ပါဝင်သည့် ဆင်ဒီရှီးဟန်းက ပြောကြားသည်။ ရှီးဟန်း၏ သားဖြစ်သူမှာ အီရတ်တွင် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးဖြစ်သည်။ ရှီးဟန်းသည် ဩဂုတ်လ၏ နေ့ရက် အများအပြားတွင် သမ္မတဘုရှ်၏ အပန်းဖြေလေ့ရှိသော တက္ကဆက်ပြည်နယ် ခရောဖို့ဒ်မြို့၌ စစ်ဆန့်ကျင်ရေးဆန္ဒပြမှုများကို ဦးဆောင် ပြုလုပ်ခဲ့သူဖြစ်သည်။

ရှီးဟန်း၏ စစ်ဆန့်ကျင်ရေး လူထုအစည်းအဝေးများသို့ လူအမြောက်အမြား စုဝေးရောက်ရှိခဲ့သည်။ ရှီးဟန်းသည် သမ္မတဘုရှ်နှင့် တွေ့ဆုံခွင့်ရရှိရန် ဆန္ဒပြတောင်းဆိုခဲ့သည်။

သမ္မတဘုရှ်သည် ရှီးဟန်းနှင့် ၂၀၀၄ ခုနှစ်က တွေ့ဆုံခဲ့သည်။ သူမ၏သားဖြစ်သူ အီရတ်၌ ကျဆုံးသွားပြီးနောက် သမ္မတဘုရှ်က တွေ့ဆုံအားပေးခဲ့ပြီး နောက်ထပ်တွေ့ဆုံရန်ကိုမူ သမ္မတက ငြင်းဆိုခဲ့သည်။

ရှီးဟန်းသည် ယခုဆန္ဒပြပွဲတွင် သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာ မူဝါဒနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုခဲ့သည်။ အိမ်ဖြူတော် အနီးရှိ ဥယျာဉ်တစ်ခုအတွင်း ပြုလုပ်သော စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲတွင် ရှီးဟန်းက ဦးဆောင်ဟောပြောခဲ့သည်။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင်လည်း စစ်ဆန့်ကျင်ရေးဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာ ပြည်သူ ၁၅၀၀၀ ခန့်က ငြိမ်းချမ်းစွာဆန္ဒပြခဲ့သည်။

ဆန်ဖရန်စစ္စကိုမြို့တွင် ပြုလုပ်သော စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ၌ လူထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဗြိတိန်နိုင်ငံမြို့တော် လန်ဒန်တွင် ပြုလုပ်သည့် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲတွင် အီရတ်မှ အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များ ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။ ဝါရှင်တန် ဆန္ဒပြပွဲမှာ ညပိုင်းထိတိုင်အောင် လူစုကွဲခြင်းမရှိဘဲ လူပေါင်း ၃၀၀၀၀၀အထိ ဆန္ဒပြသည်ဟု ခန့်မှန်းရသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)နှင့် ကမ္ဘာ့ဘဏ်တို့၏ ဆောင်းဦးပေါက်ရာသီ အစည်းအဝေးများကျင်းပမှုကို ကန့်ကွက်သည့် ဆန္ဒပြမှုများလည်း ပေါ်ပေါက်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးပေါင်းရုံး ဆက်နွှယ်မှုသည် ကမ္ဘာ့ဆင်းရဲသောနိုင်ငံများအား ကုန်သွယ်ရေး အတားအဆီးများ ဖြစ်ပေါ်စေသည်ဟု ဆန္ဒပြသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ အိမ်ဖြူတော်ရှေ့တွင် အီရတ်စစ်ပွဲဆန့်ကျင်သူ ထောင်ပေါင်းများစွာတို့က ကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်လည်ရုပ်သိမ်းရေး တောင်းဆိုနေကြသည်ကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်ကို အမေရိကန်သိမ်းပိုက်ထားမှု အောဘရိုက်သတိပေး အဆိုးဆုံးအခြေအနေများနှင့် ဆက်လက်ရင်ဆိုင်ရနိုင်ဟုဆို

ဒက်စ်မွိုင်နက်စ် (အိုင်အိုဝါ) ဆက်တင်ဘာ ၂၅

အီရတ်နိုင်ငံကို အမေရိကန်က ဆက်လက်ကျူးကျော်သိမ်းပိုက်ထားခြင်းနှင့် ပတ်သက်၍ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း မက်ဒယ်လင်အောဘရိုက်က စနေနေ့တွင် ပြင်းပြင်းထန်ထန် သတိပေးပြောကြားလိုက်သည်။ ယခုအခြေအနေတွင် အမေရိကန်အတွက် အီရတ်ပြဿနာကို ကိုင်တွယ်ရာ၌ ရွေးချယ်စရာနည်းလမ်းမရှိတော့ကြောင်း၊ အဆိုးရွားဆုံးအခြေအနေများနှင့် ဆက်လက်ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အောဘရိုက်က ပြောကြားသည်။

တာဝန်ထမ်းဆောင်

၂၀၀၃ခုနှစ် မတ်လတွင် အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့စဉ်ကပင်လျှင် ဖြစ်ပေါ်လာနိုင်သည့် အကျိုးတရားများကို အမေရိကန်အစိုးရက ကြိုတင်သိမြင်သင့်ကြောင်း သမ္မတကလင်တန်၏ လက်ထက်က နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သော အောဘရိုက်က ပြောကြားသည်။

ဝေဖန်

အမေရိကန်သည် အီရတ်နိုင်ငံကို တိုက်ခိုက်ခြင်းဖြင့် မိတ်ဆွေနိုင်ငံများ ရရှိမလာဘဲ အရှေ့အလယ်ပိုင်းနှင့် မွတ်စလင်ကမ္ဘာတွင် ပါဝင်သည့် နိုင်ငံအများအပြားနှင့် ဆက်ဆံရေး ထိခိုက်ရကြောင်း အမေရိကန်နိုင်ငံ၏ ဂုဏ်ဒြပ်ကို ပြည်ပ၌မြင့်တင်ရာတွင် နိုင်ငံသားများ၏ အခန်းကဏ္ဍဟူ၍ အမည်ပေးထားသော ညီလာခံတစ်ရပ်တွင် မိန့်ခွန်းပြောကြားရာ၌ အောဘရိုက်က ဝေဖန်ပြောကြားလိုက်သည်။

လက်ခံမည်

အီရတ်နိုင်ငံတွင် အမေရိကန်၏ စစ်ရေးတည်ရှိမှုနှင့် ပတ်သက်၍ ယင်းနိုင်ငံ၏ပြည်သူများက မဲပေး၍ ၎င်းတို့၏ဆန္ဒကို ဖော်ထုတ်ခွင့်ရရှိမည်ဆိုပါက အီရတ်တွင် အမေရိကန်တပ်ဖွဲ့ တည်ရှိမှုကို ကာလအခိုက်အတန့်သာလျှင် လက်ခံမည်ဖြစ်ကြောင်း၊ အီရတ်တွင် အမေရိကန်တပ်ဖွဲ့ အမြဲထာဝရ တည်ရှိမှုကို ၎င်းတို့ လက်ခံလိုခြင်းရှိမည် မဟုတ်ကြောင်း အောဘရိုက်က ဆက်လက်ပြောကြားသည်။

အမေရိကန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၏ ရေနံသိုက်များကို ထိန်းချုပ်ထားနိုင်ရန် အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်သည်ဟု အီရတ်ပြည်သူ အများအပြားက သံသယပွားလျက်ရှိကြကြောင်း အောဘရိုက်က ပြောကြားသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်တွင် ကားဗုံးဖောက်ခွဲ ငါးဦးသေဆုံး၊ ၁၇ ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အလယ်ပိုင်းရှိ ဘတ်စ်ကားဂိတ် တစ်ဂိတ်တွင် သောကြာနေ့က အသေခံ ကားဗုံးဖောက်ခွဲမှုတစ်ရပ်ဖြစ်ပွားရာ လူငါးဦးထက်မနည်း သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးဖောက်ခွဲသူသည် ၎င်း၏ခါးတွင် ပတ်ထားသော ဖောက်ခွဲရေးပစ္စည်းများပါသည့် ခါးပတ်ကို ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးဖောက်ခွဲမှုမှာ ဘာအယ်လ်ရှာဂျီဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဒေသ၌ ပြောက်ကျားများက အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ မကြာခဏ တိုက်ခိုက်လေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာသတင်းများ

အီရတ်ဘဏ္ဍာရေးဌာနမှ ကားကို တိုက်ခိုက်ပြီး ငွေများ လုယက်မှုဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

မည်သူမည်ဝါမှန်းမသိရသည့် လက်နက်ကိုင်များက အီရတ်ဘဏ္ဍာရေးဌာနမှ မီနီဘတ်စ်ယာဉ်တစ်စီးကို ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသတွင် စက်တင်ဘာ၂၅ရက်က တိုက်ခိုက်ပြီး ငွေအများအပြားယူဆောင်သွားကာ လုံခြုံရေးအစောင့်နှစ်ဦးအား သတ်ဖြတ်၊ အခြားလူများအား ဒဏ်ရာရရှိစေခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့ကပြောကြားသည်။

လက်နက်ကိုင်တစ်စုက မော်တော်ယာဉ်နှစ်စီးဖြင့်လိုက်ပါလာကြပြီး ငွေအများအပြားသယ်ဆောင်လာသည့် ဘဏ္ဍာရေးဌာနမှဘတ်စ်ယာဉ်ငယ်တစ်စီးကို ဘဂ္ဂဒက်အနောက်ပိုင်း မန်ဆောခရိုင် အယ်လ်မန်စွာ ရင်ပြင်အနီးတွင် ပစ်ခတ်ကာ လုယက်ကြခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့မှ ဗိုလ်ကြီးအာမက်အဗ္ဗဒူလာက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

အခင်းဖြစ်ပွားမှုကြောင့် အစောင့်နှစ်ဦးသေဆုံးပြီး အခြားရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု အဗ္ဗဒူလာက ဆက်လက်ပြောကြားသည်။ ဘတ်စ်ယာဉ်ငယ်ပေါ်တွင် လိုက်ပါလာသည့် အစောင့်များနှင့် လက်နက်ကိုင်များအပြင်းအထန် တိုက်ခိုက်ပြီး လက်နက်ကိုင်များက အမေရိကန်ဒေါ်လာ ၈၅၀၀၀၀ ကို လုယူသွားခဲ့ကြသည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ကာရာဒါခရိုင်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ် တစ်စီးကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံအတွင်း အမေရိကန်စစ်စခန်း ဖွင့်ခွင့်မပြု တာဂျီကစ္စတန်သမ္မတက အတိအလင်းပြောကြား

ဒူရှန်ဘေး စက်တင်ဘာ ၂၅

မိမိ၏ နိုင်ငံတွင် အမေရိကန်စစ်စခန်းဖွင့်ခြင်းကို မည်သည့်အခါတွင်မျှ ခွင့်ပြုမည်မဟုတ်ကြောင်း တာဂျီကစ္စတန်သမ္မတ အင်မိုမာလီ ရာခါမိုနော့ဗ်က သောကြာနေ့တွင် အတိအလင်းပြောကြားသည်။

အာရှအလယ်ပိုင်းဒေသရှိ တာဂျီကစ္စတန်နိုင်ငံ၏ အိမ်နီးချင်း ဥဇဘက်ကစ္စတန်နိုင်ငံသည် နိုင်ငံတောင်ပိုင်းရှိ လေတပ်စခန်းတစ်ခုမှနေ၍ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရန် ခြောက်လအချိန်ပေးထားစဉ် တာဂျီကစ္စတန်သမ္မတက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ခွင့်ပြုမည်မဟုတ်

တာဂျီကစ္စတန်နိုင်ငံတွင် အမေရိကန်စစ်စခန်းများကို ယခင်ကလည်း ခွင့်ပြုပေးခဲ့ခြင်းမရှိသလို အနာဂတ်ကာလတွင်လည်း ခွင့်ပြုမည်မဟုတ်ကြောင်း နိုင်ငံအရှေ့ပိုင်းဒေသသို့ ခရီးထွက်ခွာလာစဉ် သမ္မတ ရာခါမိုနော့ဗ်၏ ပြောကြားချက်ကို ကိုးကားလျက် အီတာတာ့စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

သမ္မတရာခါမိုနော့ဗ်၏ နိုင်ငံရေးပါတီမှ အထက်တန်းအဖွဲ့ဝင်တစ်ဦးက လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ပြောဆိုခဲ့ရာ၌မူ တာဂျီကစ္စတန်နိုင်ငံသည် အမေရိကန်တပ်ဖွဲ့၏ စစ်ဘက်ဆိုင်ရာ ကိရိယာပစ္စည်းအချို့ကို ဖြန့်ကြက်ခွင့်ပေးဖွယ်ရှိကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဥဇဘက်ကစ္စတန်နိုင်ငံရှိ ကာရှီ–ခါနာဘက် လေတပ်စခန်းမှ ထွက်ခွာပေးရမည်ဖြစ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့အတွက် အခြေစိုက်စခန်းဖွင့်လှစ်ခြင်းကိုမူ မိမိတို့ ခွင့်ပြုမည်မဟုတ်ကြောင်း ဖော်ပြသည်။

မှီခိုအားထား

ဥဇဘက်ကစ္စတန်ရှိ အမေရိကန်စစ်စခန်းအတွက် အစားထိုးနိုင်မည့်စစ်စခန်းတစ်ခုရရှိရန် ကြိုးပမ်းနေခြင်းရှိ၊ မရှိ အမေရိကန်နိုင်ငံက ပြောကြားခြင်းမရှိပေ။ သို့ရာတွင် ဥဇဘက်ကစ္စတန်မှ တပ်ဖွဲ့ရုပ်သိမ်းလိုက်ခြင်းအတွက် တာဂျီကစ္စတန်နိုင်ငံရှိ အရပ်ဘက်သုံးလေဆိပ်တစ်ခုနှင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ စစ်အခြေစိုက်စခန်းများပေါ်တွင် ပိုမိုမှီခိုအားထားရမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့သည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ ကြွယ်ဝသော အာရှအလယ်ပိုင်းဒေသတွင် အမေရိကန်၏ စစ်ရေးတည်ရှိမှုကို ရုရှားနိုင်ငံက ဆန့်ကျင်မှုများ တိုးမြှင့်ပြုလျက်ရှိသည်။ အာရှအလယ်ပိုင်းဒေသသည် ရုရှားနိုင်ငံအတွက် သမိုင်း အစဉ်အလာအရ ၎င်း၏ဩဇာတိက္ကမ ချဲ့ထွင်ရာဒေသဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှု မြှင့်တင်ရန် ရုရှားဖက်ဒရေးရှင်း ကောင်စီဥက္ကဋ္ဌ တိုက်တွန်း

တာ့လျံ စက်တင်ဘာ ၂၅

တရုတ်နှင့် ရုရှားနိုင်ငံတို့၏ ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုသည် ပိုမိုခိုင်မြဲ တိုးတက်လာမည်ဖြစ်ကြောင်း ရုရှားဖက်ဒရေးရှင်းကောင်စီဥက္ကဋ္ဌ ဆာဂေးမီရိုနော့ဗ်က စနေနေ့တွင် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းမြို့ကြီးတစ်မြို့ဖြစ်သော တာ့လျံမြို့သို့ အလည်အပတ်ရောက်ရှိစဉ် ပြောကြားလိုက်သည်။

မီရိုနော့ဗ်သည် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် (အင်န်ပီစီ) အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ဂို၏ ဖိတ်ကြားချက်အရ သုံးရက်ကြာခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ ရောက်ရှိနေသည်။

ပြောကြား

မိမိတို့ နှစ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ဘီလီယံ၂၀ အထိ မြင့်တက်လာခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ကုန်သွယ်မှုဆက်ဆံရေး ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း မီရိုနော့ဗ်က ရုရှား-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ဆွေးနွေးပွဲတွင် ပြောကြားသည်။

တိုက်တွန်း

တရုတ်စီးပွားရေးလုပ်ငန်းရှင်များသည် ရုရှားစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် ပြုလုပ်ရန် မိမိတို့တိုက်တွန်းကြောင်း၊ ရုရှားနှင့် တရုတ်နိုင်ငံတို့သည် လူဝင်မှုကြီးကြပ်ရေးမူဝါဒ၊ နယ်စပ် ကုန်သွယ်ရေး၊ အခွန်ကောက်ယူမှုစနစ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပညာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် တိုက်တွန်းကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် ကုန်းမြင့်ရာသို့ ရွှေ့ပြောင်းနေကြသော ရေဘေးဒုက္ခသည်များကို စက်တင်ဘာ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်တပ်ဖွဲ့များကို အာဖဂန်နစ္စတန်မှရုပ်သိမ်းမည်

မဒရစ် စက်တင်ဘာ ၂၅

အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်း စာနာသော အကူအညီပေးရေးကိစ္စများ ဆောင်ရွက်ရန် စေလွှတ်ထားသော စပိန်တပ်ဖွဲ့ဝင်အားလုံးကို အောက်တိုဘာ ၁၂ရက် နောက်ဆုံးထား၍ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ဂျိုစ်လူဝစ်ရော့ ဒရီဂေါဇ်ဇာပါတီရိုက စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ဖော်ကြေညာသည်။

စပိန်တပ်ဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံတွင် ထမ်းဆောင်ရန်ရှိသော တာဝန်များကို ဆောင်ရွက်ပြီးဖြစ်သည့်အတွက် တပ်ဖွဲ့များ ရုပ်သိမ်းရေး အစီအစဉ်ကို စက်တင်ဘာ ၂၁ ရက်မှစတင်၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပါလီမန်တွင် မိန့်ခွန်းပြောကြားရာ၌ ဝန်ကြီးချုပ် ဇာပါတီရိုက ထည့်သွင်း ပြောကြားသွားခြင်းဖြစ်သည်။

အာဖဂန်နိုင်ငံသို့ စေလွှတ်ထားသော စပိန်တပ်ဖွဲ့ဝင်အရေအတွက် စုစုပေါင်းမှာ ၅၀၀ ရှိသည်။ ထိုစပိန်တပ်ဖွဲ့ဝင်များအနက် ၁၇ ဦးသည် အာဖဂန်နိုင်ငံ၌ ရဟတ်ယာဉ်ဖြင့် ခရီးသွားနေစဉ် မတော်တဆမှုဖြင့် ကြုံခဲ့ရသည့်အတွက် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျူမူးနှင့် ကက်ရှ်မီးယားတွင် နှင်းကျားသစ်ထိန်းသိမ်းရေးဆောင်ရွက် နှင်းကျားသစ်ကောင်ရေ မြန်ဆန်စွာ တိုးတက်လာကြောင်း သိရ

လာ့ချ်(ဂျူမူး၊ ကက်ရှ်မီးယား) စက်တင်ဘာ ၂၅

အိန္ဒိယနိုင်ငံတွင် ကျားနှင့် နှင်းကျားသစ်ကို မျိုးပျောက်တော့မည့် တိရစ္ဆာန်များအဖြစ် သတ်မှတ်က ထိန်းသိမ်းစောင့်ရှောက်မှုပေးခဲ့ရာမှ ယခုအခါ နှင်းကျားသစ်ကောင်ရေမှာ သိသိသာသာ ပြန်လည်မြင့်တက်လာပြီဖြစ်၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း အောင်မြင်မှုရလာကြောင်း သိရသည်။

မျိုးသုဉ်းမည်ကို ပူပင်ခဲ့ရသော နှင်းကျားသစ်ဦးရေသည် ယခုအခါ ကောင်ရေ ၄၀၀ အထိ တိုးပွားလာပြီဖြစ်သည်။ နှင်းကျားဦးရေသည် အခြားတိရစ္ဆာန်များနှင့်မတူဘဲ မှတ်တမ်းတင်ရလောက်အောင် မြန်ဆန်စွာ ကောင်ရေတိုးပွားလာသဖြင့် တိရစ္ဆာန်စောင့်ရှောက်ကာကွယ်ရေး လုပ်ငန်းအောင်မြင်သည်ဟု ပြောရမည်ဖြစ်ကြောင်းနှင့် ဂျူမူးနှင့် ကက်ရှ်မီးယားဒေသ သားရဲတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးဌာန တာဝန်ခံ စီအမ်ဆက်သ်က ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။

တိုးပွား

တရုတ်၊ ရုရှား၊ နီပေါနှင့် ဘူတန်နိုင်ငံများ၌လည်း နှင်းကျားသစ်များနေထိုင်ကျက်စားသည်။ အိန္ဒိယ နှင်းကျားသစ်များသည် ယခုနှုန်းအတိုင်းသာ ဆက်လက်၍ ကောင်ရေ တိုးပွားလာမည်ဆိုပါက မကြာမီအချိန်အတွင်း အိန္ဒိယရှိ နှင်းကျားသစ်ကောင်ရေသည် အခြားနိုင်ငံများမှာထက် ကောင်ရေ ပိုမိုများပြားစရာရှိသည်ဟု ဆက်လက်ပြောကြားသည်။

၃၅ ရာခိုင်နှုန်း

ဂျူမူးနှင့်ကက်ရှ်မီးယားဒေသ သားရဲတိရစ္ဆာန် ထိန်းသိမ်းရေးဌာန၏ ကွင်းဆင်းလေ့လာချက်အရ ထိုဒေသရှိ နှင်းကျားသစ်ကောင်ရေသည် ၂၀၀၃ ခုနှစ်က ကောင်ရေ ၂၃၀ မှ ၂၅၀ အထိသာရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ကောင်ရေ ၄၀၀ အထိ တိုးပွားလာကြောင်း သိရသည်။

ထိုအရေအတွက်က ဒေသတွင်းရှိ နှင်းကျားကောင်ရေသည် ၃၅ ရာခိုင်နှုန်းအထိ တိုးပွားလာသည်ကို ဖော်ပြလျက်ရှိသည်။

ပျောက်ကွယ်လုနီးပါး

ဂျူမူးနှင့် ကက်ရှ်မီးယားဒေသတွင် နှင်းကျားသစ်ကောင်ရေ တိုးပွားလာလျက်ရှိသော်လည်း နယ်စပ်ချင်း ထိစပ်နေသော ဟီမာချာလ်ပရာဒက်ရှ်နှင့် ဥသရန်ချာလ်ပြည်နယ်တို့တွင် နှင်းကျားသစ်ကောင်ရေမှာ ပျောက်ကွယ်လုနီးပါးအခြေအနေရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ ပီတီအိုင်။

အင်ဒိုနီးရှားနိုင်ငံ ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ဂျကာတာမြို့ရှိ စမ်းသပ်ခန်းလုပ်ငန်းခွင် တစ်နေရာကို စက်တင်ဘာ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဗီယက်နမ်တွင်ကမ္ဘာ့ ကော်ဖီအစည်းအဝေး ကျင်းပမည် ကော်ဖီတင်ပို့သူ၊ တင်သွင်းသူ ၁၅၀ တက်ရောက်မည်

ဟန်နွိုင်း စက်တင်ဘာ ၂၅

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့တွင် အာရှကော်ဖီအစည်းအဝေးကို ကျင်းပမည်ဖြစ်ရာ ကမ္ဘာအရပ်ရပ်မှ ကော်ဖီတင်ပို့သူများ၊ တင်သွင်းသူများနှင့် ကော်ဖီဖြန့်ချိသူဦးရေ၁၅၀ ခန့် တက်ရောက်မည်ဖြစ်သည်။

ပြောကြား

ထိုအစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်မည်ဖြစ်သည်။ လာမည့်နှစ်များတွင်ဖြစ်ပေါ်မည့် ကမ္ဘာ့ကော်ဖီ ရောင်းလိုအားနှင့် ဝယ်လိုအား အခြေအနေ၊ အပြည်ပြည်ဆိုင်ရာ ကော်ဖီ ဈေးကွက်တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်ရေးနည်းလမ်းများ စသည့်အကြောင်းအရာများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံနှင့် ကော်ဖီ အသင်းများက စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ရောင်းချ

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင်ကော်ဖီ ဒုတိယအများဆုံး တင်ပို့ရောင်းချသောနိုင်ငံဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ထိုနိုင်ငံက အမေရိကန်ဒေါ်လာ ၅၉၄ သန်းတန်ဖိုးရှိ ကော်ဖီတန်ချိန် ၉၀၆၀၀၀ ကို တင်ပို့ ရောင်းချခဲ့သည်။ ယခုနှစ် ပထမရှစ်လကာလအတွင်း ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၅၁ သန်းဖိုးရှိ ကော်ဖီတန်ချိန် ၅၇၆၀၀၀ သန်းကို တင်ပို့ရောင်းချခဲ့ပြီးဖြစ်သည်။

ကျဆင်း

ယခင်နှစ် အလားတူအချိန်ကထက် ကော်ဖီ တင်ပို့မှုတန်ချိန်ချင်း နှိုင်းယှဉ်ပါက ၁၈ ဒသမ ၈ ရာခိုင်နှုန်း လျော့နည်းသွားပြီး ဝင်ငွေအရလည်း ၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားသည်။

လက်ရှိအခြေအနေတွင် ဗီယက်နမ်၌ ကော်ဖီစိုက်ခင်း ဟက်တာပေါင်း ၅၀၅၀၀၀ ရှိရာမှ ၂၀၀၅-၂၀၀၆ ခုနှစ်အရောက်တွင် ကော်ဖီစိုက်ပျိုးသော ဧရိယာအကျယ်အဝန်း ၆၈၀၀၀၀ ဟက်တာအထိ ရှိလာမည်ဟု မျှော်လင့်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အေပက်စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသွားကတ်ပြားစနစ် စင်ကာပူတွင် အောက်တိုဘာ ၁ ရက်မှစ၍ ကျင့်သုံးမည်

စင်ကာပူ စက်တင်ဘာ ၂၅

စင်ကာပူနိုင်ငံသည် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသွားလာမှု ကတ်ပြားစနစ် (အေဘီတီစီ)ကို အောက်တိုဘာ ၁ရက်မှစ၍ ကျင့်သုံးမည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဂိတ်များဆိုင်ရာ အာဏာပိုင်အဖွဲ့တို့က စနေနေ့တွင် ပူးတွဲထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

စင်ကာပူနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၌ အမှန်အကန်လုပ်ကိုင်နေကြသူများ၊ ပညာသည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များနှင့် ပြည်သူ့ရေးရာဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နေသူများသည် အေပက် စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသွားလာမှုကတ်ပြားစနစ်ကို လျှောက်ထားနိုင်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

စင်ကာပူလူဝင်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဂိတ်များဆိုင်ရာ အာဏာပိုင်အဖွဲ့သည် အေဘီတီစီကတ်ပြား ကိုင်ဆောင်သော နိုင်ငံခြားသားများအတွက် လူဝင်မှုကြီးကြပ်ရေး စိစစ်မှုပြုလုပ်နိုင်ရန် လူဝင်မှုစစ်ဆေးရေးဂိတ်များအားလုံးတွင် သီးခြားကောင်တာများ ဖွင့်လှစ်ပေးထားမည်ဖြစ်သည်။

အေဘီတီစီစနစ်ကို ၁၉၉၈ခုနှစ်တွင် စမ်းသပ်မှုပြုလုပ်ခဲ့စဉ်က အောင်မြင်မှုရရှိခဲ့သည်။ အဆိုပါစနစ်အရ စီးပွားရေးလုပ်ငန်းရှင်များ အေပက်အဖွဲ့ဝင်နိုင်ငံများအတွင်း ပြည်ဝင်ခွင့်ဗီဇာ ရယူစရာမလိုအပ်ဘဲ ခရီးသွားလာခွင့် ရရှိခြင်း၊ လေဆိပ်များတွင် လူဝင်မှုဆိုင်ရာ စိစစ်မှုများကို အမြန်ဆုံးပြုလုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိသည်။

ယခုအချိန်အထိ အေပက်အဖွဲ့ဝင် ၂၁နိုင်ငံအနက် ၁၇နိုင်ငံတွင် အေဘီတီစီစနစ်ကို သုံးစွဲရန် သဘောတူညီထားသည်။ ယင်းစနစ်သုံးစွဲသည့် နိုင်ငံများတွင် ဩစတြေးလျ၊ ဘရူနိုင်း၊ ချီလီ၊ တရုတ်၊ တရုတ်ထိုင်ပေ၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ နယူးဇီလန်၊ ပါပူဝါနယူးဂီနီ၊ ပီရူး၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကျီနန်မြို့တွင် မိုးရေချိန်စံချိန်ချိုး

ကျီနန် စက်တင်ဘာ ၂၅

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်၏ မြို့တော်ကျီနန်တွင် တနင်္ဂနွေနေ့မှစပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေချိန် စံချိန်ချိုးခဲ့ကြောင်း၊ လွန်ခဲ့သည့် ၅၄ နှစ်တာကာလအတွင်း ဆောင်းဦးရာသီ၌ မိုးရေချိန် အများဆုံးရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မြို့တော်မိုးလေဝသဌာနက အင်္ဂါနေ့တွင် ကြေညာသည်။ အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် မိုးရေချိန် မီလီမီတာ ၁၇၀ ကျော်ရှိပြီး ၁၉၅၁ ခုနှစ်နောက်ပိုင်းတွင် အများဆုံးစံချိန်ဖြစ်သည်။

ကျီနန်မြို့တွင် ဆောင်းဦးရာသီ၌ မိုးရေချိန်မီလီမီတာ ၁၀၀ ကျော် တွေ့ရသည်မှာ မကြုံစဖူးဖြစ်ကြောင်း မိုးလေဝသဌာနက ဖော်ပြသည်။ ခြွင်းချက်တစ်ရပ်အနေဖြင့် ၁၉၆၄ ခုနှစ် ဆောင်းဦးရာသီတွင်သာ မိုးရေချိန် ၁၀၂ ဒသမ ၃ မီလီမီတာရှိခဲ့ဖူးသည်။

အပူလျော့ပိုင်းဒေသ လေဖိအားမြင့်မားမှုနှင့် အနောက်တောင် ပစိဖိတ်ဒေသမှ လေနွေးစီးကြောင်းများ၏ ပူးတွဲအကျိုးသက်ရောက်မှုကြောင့် မိုးရေချိန်များပြားရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက မှတ်ယူကြသည်။ မိုးရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှုမရှိကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အငြိမ်းစားတို့ စကားဝိုင်း(၁၂)

ဟိန်းမြင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီက ၂၈–၈–၂၀၀၅ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)ကျင်းပခဲ့သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းပြောကြားချက်အရလည်းကောင်း၊ သတင်းထောက်များ၏ မေးခွန်းများအပေါ် ရှင်းလင်းဖြေကြားချက်အရလည်းကောင်း အောက်ဖော်ပြပါအဓိကအချက်များကို ကြားသိခဲ့ရပါသည်–

- **အကြမ်းဖက်သမားများက ပြည်တွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ။**
- **ရန်ကုန်မြို့တော် အကြမ်းဖက်ဗုံးခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့် စပ်လျဉ်း၍ စုံစမ်းဖော်ထုတ်ချက်များ။**
- **ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားပျောက်ဆုံးမှုနှင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးရမှုများ။**
- **SSA-S (ရှက်ဆစ်အဖွဲ့) က လူသစ်များ အတင်းအဓမ္မစုဆောင်းနေမှုကြောင့် ပြည်သူများ အတိဒုက္ခရောက်နေရသော အခြေအနေမှန်များ။**
- **၂၃–၈–၂၀၀၅ရက်နေ့ ည ၈နာရီ ၁၅မိနစ်အချိန်မှာ BBC အသံလွှင့်ဌာနကနေပြီး နိုင်ငံတော်အကြီးအကဲများနှင့်ပတ်သက်၍ မဟုတ်မမှန်လုပ်ကြံထားသည့် သတင်းတစ်ပုဒ်နှင့်နောက်ဆက်တွဲ သုံးသပ်ချက်သတင်းများကို ဆက်တိုက်ထုတ်လွှင့်ခဲ့မှုများသည် လုံးဝမှန်ကန်မှုမရှိကြောင်းရှင်းလင်းပြောဆိုချက်များ။**
- **ILO နှင့်ပတ်သက်၍ရှင်းလင်းပြောကြားမှုများ။**
- **တစ်ထောင်တန်ငွေစက္ကူနှင့်ပတ်သက်၍ စိုးရိမ်စရာတစ်စုံတစ်ရာ မရှိကြောင်း ရှင်းလင်းပြောဆိုမှုများ။**
- **ပုဂ္ဂလိကဘဏ်များအပေါ် ယုံကြည်စိတ်ချနိုင်ပါကြောင်းရှင်းလင်းပြောဆိုချက်များ။**
- **သတင်းစာရှင်းလင်းပွဲလုပ်သွားတိုင်း တစ်ဖက်က သူတို့မဟုတ်ပါဘူးဟု ဖြောင်ငြင်းဆိုတတ်မှုနှင့် ပတ်သက်၍ အချိန်မရွေး ရှင်းလင်းပြသနိုင်သည့် သက်သေသက္ကာယ အထောက်အထားများ အခိုင်အမာရှိကြောင်း ရှင်းလင်းပြောဆိုချက်များ။**

ထိုသတင်းစာရှင်းလင်းပွဲနှင့်ပတ်သက်၍ ကျွန်တော်တို့အငြိမ်းစားများဆုံမိချိန်တွင် စကားဝိုင်းဖွဲ့မိကြပါသည်။ ပထမဦးစွာ ပြည်ပအသံလွှင့်ချက်များကို နားထောင်လေ့ရှိသူတစ်ဦးက စတင်ပြီး––

"ဒီလသတင်းစာရှင်းလင်းပွဲက ပြည်သူတွေအကြားမှာ သို့လောသို့လောဖြစ်နေတဲ့ သတင်းအချက်အလက်တွေပါနေတာမို့ တော်တော်စိတ်ပါဝင်စားကြတယ်ဟ"

"ဘာလဲ၊ BBC က အဖျက်အမှောင့်သမားတွေပေးတဲ့သတင်းကို လုံးဝမစိစစ်ဘဲ မဆိုင်းမတွ ထုတ်လွှင့်လိုက်တဲ့ နိုင်ငံတော်အကြီးအကဲနဲ့ဆိုင်တဲ့ ရှင်းလင်းပြောဆိုမှု သတင်းပါနေလို့ မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒီသတင်းက ချက်ချင်းပဲတစ်နိုင်ငံလုံးလိုလိုကို ပြန့်ပွားသွားတာမို့ လူတွေထင်ယောင်ထင်မှားနဲ့ သို့လောသို့လောဖြစ်ခဲ့ကြရတယ်၊ စီးပွားရေးလောဘသမားတွေကလည်း ချက်ချင်းကုန်ဈေးနှုန်းတွေတက်ပစ်လိုက်တာ၊ ဒို့ပြည်သူတွေပဲ ခံလိုက်ရတယ်"

"ကောလာဟလတွေကို မယုံကြည်ကြပါနဲ့လို့ တာဝန်ရှိသူတွေ မကြာခဏပြောကြားနေတာကိုသိလျက်နဲ့ BBC ရဲ့မီဒီယာကျင့်ဝတ်ဖောက်ဖျက်ပြီးမဆင်မခြင် ထုတ်လွှင့်မှုအပေါ် ယုံမိမှားခဲ့ကြပြန်တာကိုးဟ"

"ဒီတစ်ခါ ကောလာဟလသတင်းက တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်ပြီး နိုင်ငံအတွက် အရေးကြီးဆုံး သတင်းဖြစ်နေတာမို့ ဒို့တောင် မဖြစ်နိုင်မှန်း၊ မဟုတ်မမှန်သတင်းဖြစ်မှန်း သိလျက်နဲ့ သို့လော သို့လောဖြစ်ခဲ့ကြတာ အမှန်ပဲ၊ မင်းကော မဖြစ်ဘူးလား"

"ရန်ကုန်တစ်မြို့လုံး ချက်ချင်းပျံ့နှံ့သွားတာမို့ ငါ့ကိုလဲ မေးကြမြန်းကြတယ်။ ဒီသတင်းက အရေးကြီးတယ်ဆိုတော့ မဟုတ်နိုင်မှန်းစိတ်ထဲက သိနေပေမယ့် ပတ်ဝန်းကျင်ကို လေ့လာသုံးသပ်ကြည့်မိသေးတယ်၊ လုံခြုံရေးချထားမှုက ပုံမှန်အတိုင်းပဲ၊ ဘာမှထူးခြားမှု မရှိဘူးကွာ၊ ရုပ်/သံ၊ သတင်းစာနဲ့ အစိုးရဘက်ဆိုင်ရာဌာနတွေမှာလဲ ပုံမှန်ပဲကွာ၊ လုပ်ကြံသတင်းကြီးမှန်း လူတိုင်းလေ့လာသုံးသပ်နိုင်ပါတယ်။ ကြည့်တတ်ရင် မြင်သာ ထင်သာပါတယ်။ BBC လို အသံလွှင့်ဌာနကြီးအနေနဲ့ ပိုမိုမြင်နိုင်တဲ့သတင်းပါ"

"အေး– မင်းပြောတော့မှပဲ ကြည့်တတ်ရင် မြင်သာထင်သာတယ်ဆိုတာ သတိပြုမိတယ်။ ဒါပေမယ့် BBCကတော့ ဒီသတင်းနဲ့ပတ်သက်ပြီး ယုံကြည်ရတယ်လို့၊ အစိုးရနဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းက ပြောတဲ့အတွက် ဒီသတင်းဟာ အရေးကြီးတဲ့သတင်းလို့ ယူဆပြီးတော့ ထုတ်လွှင့်လိုက်တဲ့အကြောင်း၊ ပြည်တွင်း၊ ပြည်ပအဖျက်သမားတွေနဲ့ BBC ပေါင်းတယ်ဆိုတဲ့ စွပ်စွဲချက်က တာဝန်မဲ့စွပ်စွဲချက်သာဖြစ်ကြောင်း ချက်ချင်းတုံ့ပြန်ပြောသွားခဲ့တယ်"

'သံတမန်အသိုင်းအဝိုင်းက ပြောတယ်၊ ဘယ်အသိုင်းအဝိုင်းက ပြောတယ်ဆိုပြီး အမြဲပဲမရေမရာမသေချာတဲ့ သတင်းရရှိခဲ့မှုအခြေအမြစ်ကို ပြောပြီး အဖျက်အမှောင့်သတင်းတွေကို လွှင့်ထုတ်နေကျပဲ၊ ဒီလိုအပြောမျိုးဆိုတာ လူတိုင်းလုပ်ကြံပြောဆိုဖို့လွယ်ကူတာပဲဖြစ်လို့ BBC ရဲ့ အဓိကရည်မှန်းထုတ်လွှင့်ချက်ကို လူတိုင်းသိနိုင်ပါတယ်"

"အေးဟ–ဒါတောင်မှပဲ ၂၉–၈–၂၀၀၅ ရက်နေ့ ရန်ကုန်မြို့သူမြို့သား တွေရဲ့အမြင်ပြောကြားချက်ဆိုပြီး တယ်လီဖေးရှင်းမှာ နိုင်ငံတော်အကြီးအကဲရဲ့ပုံကို မမြင်ရလို့ သတင်းစာရှင်းလင်းပွဲ ပြောကြားချက်ကို မယုံကြည်ဘူးဆိုပဲ"

"အသိခေါက်ခက် အဝင်နက်ဆိုတာလိုပဲ၊ အဖျက်သမားတွေ၊ ဆန့်ကျင်နေသူတွေ၊ အရာရာကို အဆိုးမြင်နေသူတွေအထဲကတော့ သူတို့အယူအဆနဲ့ သူတို့မို့ ခုလို ပြောသူအချို့ ရှိကောင်းရှိနိုင်ပါတယ်။ ဒါကိုပဲ ကမ္ဘာသိ အသံလွှင့်ဌာနကြီးက မဆင်မခြင် ထပ်မံထုတ်လွှင့်ပေးရဲသေးတယ်"

"ဒါတင်ဘယ်ကမလဲ၊ ဟိုတစ်နေ့ကပဲ BBCရဲ့ ထုတ်လွှင့်ချက်ထဲမှာ ၁၉၈၈ ခုနှစ် အရေးအခင်းတုန်းက လေပင့်ပြီး ခါတ်ဆီပါလောင်းထည့်ပေးလိုက်တဲ့သဘောနဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုကို တမင်သက်သက် လုပ်ကြံဖန်တီးထုတ်လွှင့်သွားခဲ့တဲ့ ခရစ်စတိုဖာဂန်းနက်ကို ၈၈ ခုနှစ် အရေးအခင်းအတွင်း မြန်မာနိုင်ငံအတွင်း သတင်းတွေကိုရရှိအောင် ဆောင်ရွက်ပေးနိုင်သူအဖြစ် ချီးကျူးပြောဆိုသွားခဲ့တာကို ကြားလိုက်ရသေးတယ်"

"BBC အပါအဝင် ပြည်ပအသံလွှင့်ဌာနတော်တော်များများအထဲမှာ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားကို ဖျက်လိုဖျက်ဆီးပြုဖို့ လုပ်ကြံလွှင့်ထုတ်နေကြတာတွေကို အတိတ်ကာလမှာ ဒို့ပြည်သူတွေအားလုံးကြားသိကြုံတွေ့ခဲ့ရပြီး ဖြစ်သလို အခုပစ္စုပ္ပန်ကာလမှာလည်း ကြုံတွေ့ကြားသိနေရတာမို့ ဒို့ပြည်သူတွေ သတိရှိကြဖို့သင့်ပြီလေ။ တစ်ကြိမ်ခံရရင် ခံရသူရဲ့ အပြစ်မဟုတ်သေးဘူး၊ နှစ်ကြိမ်နှစ်ခါဆိုရင်တော့ ခံရသူတွေ ညံ့လို့ပဲလို့ လူကြီးသူမတွေရဲ့ ဆုံးမစကားကို အလေးထားမှတ်သားကြဖို့ လိုတာပေါ့"

"အေး– ပြည်ပအသံလွှင့်ဌာနတွေရဲ့အကြောင်းနဲ့ ကောလာဟလသတင်းတွေနဲ့ ပတ်သက်လို့ တက္ကသိုလ်မြတ်သူရဲ့ **'သတင်းမှန်လား၊ အတင်းအဖျင်း နယ်ချဲ့အပင်းလား၊ အမျိုးသားရေး မှတ်ကျောက်ပေါ်တင်ကြည့်ပါ'** ဆိုတဲ့ သတင်းစာဆောင်းပါးကို ဖတ်ကြည့်ရင် ပိုရှင်းပြီး ပိုသိနိုင်ပါတယ်"

"ရန်ကုန်မြို့တော်အတွင်း ဗုံးဖောက်ခွဲလုပ်ကြံသွားတဲ့ အကြမ်းဖက်လုပ်ရပ်ကိုလဲ ဖော်ထုတ်သိရှိရပြီ လို့သိရပါတယ်။ ဘယ်သူတွေ အဓိကပါဝင်ဖောက်ခွဲသွားတယ်ဆိုတာကိုတော့ ဗုံးမကွဲ မီလေးမှာ ဗီဒီယိုရိုက်ကူးထားတဲ့ ပုံတွေနဲ့ ပြည်တွင်းပြည်ပ သတင်းပေးသမားများထံက သတင်းများအရ ရဲချုပ်ကအတိအကျရှင်းလင်းပြောဆိုသွားတာ ကြားသိလိုက်ရတယ်၊ ပုံတွေကိုလဲ ဘုတ်မှာကပ်ပြထားတာမို့ ကြည့်လိုက်ရတယ်"

"ရုပ်/သံမှာရော၊ သတင်းစာတွေမှာပါ အတိအကျသတင်းတွေပါရှိတာမို့ လူတိုင်း သိနေပြီပဲကွာ"

"အေး– ဒါပေမယ့် သတင်းစာရှင်းလင်းပွဲမှာ သတင်းထောက်တစ်ဦးရဲ့မေးမြန်းချက်နဲ့ဖြေကြားသွားချက်က ဒို့ပြည်သူတွေအမှန်ကိုဆင်ခြင်သိမြင်နိုင်အောင် ပညာပေးထောက်ပြနေတာမျိုးတွေ့ရတယ်ဟ၊ ဘာလဲဆိုတော့ ထုံးစံအတိုင်း သတင်းစာရှင်းလင်းပွဲမှာ အထောက်အထားနဲ့ ဘယ်လောက်ပဲရှင်းလင်းဖော်ပြပေမယ့် တရားခံအဖျက်သမား ပြည်ပြေးတွေကတော့ အမြဲဖြောင်ငြင်းလေ့ရှိတယ်။ ပြည်ပအသံလွှင့်ဌာနတွေကလည်း အဲဒီအဖျက်သမားတွေကို မေးမြန်းခန်းပြုလုပ်ပြီး ငြင်းဆိုချက်တွေကို ချက်ချင်းဖော်ပြလေ့ရှိတယ်၊ မေးမြန်းရာမှာတကယ်မငြင်းနိုင်တဲ့သက်သေတွေနဲ့ ဖော်ထုတ်ထားတဲ့အချက်တွေကို အတတ်နိုင်ဆုံးရှောင်ပြီး ဖြေသာအောင်ဖြေနိုင်တဲ့မေးခွန်းကိုပဲ သာသာထိုးထိုးနဲ့ မေးမြန်းသွားတာကိုလည်း တွေ့ရတယ်"

"အခုလဲ NCGUB ကစိန်ဝင်း၊ NCUB နဲ့FTUB က ပြည်သစ်ညွှန့်ဝေ (ခ) မောင်မောင်၊ ABSDF, SSA-S (ရှက်ဆစ်အဖွဲ့)စတဲ့ သူတွေက ဖြောင်ငြင်းနေကြတာပါပဲ"

> **ပြည်တွင်းပြည်ပအဖျက်သမားတို့၏ လုပ်ကြံ၊ ဖန်တီး၊ အပုပ်ချပြောဆို၊ လွှင့်ထုတ်မှုတို့ကို တားဆီးကာကွယ်နိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ မိမိမီဒီယာစွမ်းအားဖြင့် တုံ့ပြန်ချေဖျက်နိုင်ကြရပါမည်။ သတင်းလက်ဦးမှုကို ရယူထားကြရပါမည်။ ပြည်သူများကို အသိ၊ အမြင်၊ အတွေးအခေါ် မှန်ကန်စေရန်အတွက် အမှန်တရားဖြင့်အစဉ်မီးမောင်းထိုးပြနေရပါမည်။ ပိုမိုထိရောက်အောင်မြင်ရန်အတွက် နိုင်ငံတော်၏မီဒီယာစွမ်းအားအပြင် ပုဂ္ဂလိက မီဒီယာများကလည်း အမျိုးသားရေးအမြင်ဖြင့် ကျရာကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရပါမည်။ မီဒီယာကိုမီဒီယာဖြင့် တုံ့ပြန်ချေဖျက်မှသာ အမှန်တရား၏ ဘက်တော်သား မီဒီယာသမားများ ပီသမည်ဖြစ်။**

"အေးဟ– အခုဆိုရင် ဒို့အားလုံးအလိမ်အညာခံနေရတာ နှစ်ကြိမ်တောင်မကတော့ဘူး၊ အကြိမ်ကြိမ်အခါခါဖြစ်နေပြီပဲ"

"မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တဲ့ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ (USSR) ကြီးပြိုကွဲသွားခဲ့ရတဲ့ အကြောင်းရင်းတစ်ရပ်ကတော့ လွတ်လပ်သော ဥရောပအသံလွှင့်ဌာန (RFE) ရဲ့ ဝါဒဖြန့်ချိလုပ်ကြံထုတ်လွှင့်မှုအရ ဖြစ်တယ်လို့ ငါဖတ်ရှုမှတ်သားထားမိတာရှိတယ်၊ အခုလဲ ဒို့နိုင်ငံအတွက်လုပ်ကြံဝါဒဖြန့်သတင်းတွေ ထုတ်လွှင့်ပေးဖို့အတွက် အနောက်နိုင်ငံကြီးတချို့က အသံလွှင့်ဌာနတွေကို အရင်းအနှီးစိုက်ထုတ် ထူထောင်ထုတ်လွှင့်ပေးနေတာကို သတိပြုကြဖို့လိုတယ်"

"၃၀–၈–၂၀၀၅ရက်နေ့မှာ DVB က ဟသ်ာတမြို့ ပြည်လုံးကပ်ကျော်ဘုရား ရောင်ခြည်တော်လွှတ်နေကြောင်း သတင်းပေးပို့ချက်ဆိုပြီး ထုတ်လွှင့်သွားတာမှာ ဘုရားရဲ့တန်ခိုးတော်ကြောင့် ရောင်ခြည်တော်လွှတ်တာကိုပဲ မင်းအပြောင်းအလဲတွေဖြစ်မလားဆိုပြီး မြို့ခံလူထုတွေထဲက ပြောနေကြတယ်လို့ ထုတ်လွှင့်သွားတာ ကြားလိုက်ရတယ်"

"အေး–မြန်မာနိုင်ငံအနှံ့ တန်ခိုးကြီးတဲ့ဘုရားစေတီများမှာ ရောင်ခြည်တော်လွှတ်ခဲ့တဲ့သတင်းတွေ မကြာခဏကြားသိရပါတယ်၊ ဒို့နိုင်ငံမှာ သဘာဝဘေးအန္တရာယ်က လွတ်မြောက်ခဲ့တဲ့ သာဓကတွေ အများကြီးကြုံတွေ့ခဲ့ရပြီးပြီပဲ၊ အခုလဲ ပြည်လုံးကပ်ကျော်ဘုရားကြီးကနေအမှန်တကယ်ရောင်ခြည်တော်လွှတ်တယ်ဆိုရင် နိုင်ငံတစ်ခုလုံး ဘေးအန္တရာယ် ကပ်ကနေကျော်လွန်လွတ်ကင်းသွားမယ့် အတိတ်နိမိတ်ကောင်းပဲ မဟုတ်လား၊ ကမ္ဘာအနှံ့နဲ့ အိမ်နီးချင်းနိုင်ငံအချို့မှာ သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့နေကြရပေမယ့် ဒို့နိုင်ငံအနေနဲ့ ဘေးအန္တရာယ်ကြီးကြီးမားမားနဲ့ မကြုံတွေ့ခဲ့ရတာ ဒို့အားလုံးသိနေကြတာပဲ။ ငါပြောချင်တာက ဘုရားရောင်ခြည်တော်လွှတ် တန်ခိုးပြနေတာကိုတောင် အဖျက်သမားတွေက အဆိုးမြင်ဝါဒနဲ့ ကြံဖန်ပြောဆိုလွှင့်ထုတ်သွားရဲတာ အံ့သြစရာပဲဟေ့"

"မကြာသေးမီက အီရတ်နိုင်ငံ ပွဲတော်တစ်ခုမှာ အသေခံဗုံးခွဲသူရောက်နေတယ်ဆိုတဲ့ ကောလာဟလသတင်းကြောင့် ပွဲလာပြည်သူတွေကြောက်ရွံ့ပြီး ပြေးကြလွှားကြဖြစ်ခဲ့ကြတာမို့ ထောင်နဲ့ချီပြီး သေဆုံးဒဏ်ရာရခဲ့တာ စိတ်မကောင်းစရာပဲမဟုတ်လား၊ ကောလာဟလသတင်းဟာ ဘယ်လောက်ကြောက်စရာ ကောင်းသလဲဆိုတာ ဒို့ပြည်သူတွေဆင်ခြင်သတိထားကြဖို့လိုမယ်လို့ ဆိုချင်ပါတယ်"

"ပြည်တွင်း မငြိမ်မသက်ဖြစ်အောင်၊ လူထုအုံကြွမှုဖြစ်အောင် အဖျက်အမှောင့်တွေလုပ်ဖို့ FTUB က မောင်မောင်(ခ)ပြည်သစ်ညွှန့်ဝေနဲ့ NDD က သိန်းဝင်းတို့ရဲ့ ငွေကြေးမက်လုံးပေးပြီး မွေးမြူလေ့ကျင့်ပေးထားတဲ့ ယူဂျီဝယောက်ကို ဖမ်းမိလိုက်တဲ့သတင်းကတော့ နိုင်ငံအတွက် မင်္ဂလာသတင်းပဲ၊ မမှန်မကန်သတင်းတွေကို လုပ်ကြံသတင်းပို့၊ အသေးအမွှားသတင်းတွေကို ပုံကြီးချဲ့ပြီး လုပ်ကြံသတင်းတွေကိုပါ ဖြည့်စွက်သတင်းပို့၊ ဒါကို ပြည်ပအသံလွှင့်ဌာနတွေက သိလျက်နဲ့ တမင်လွှင့်ထုတ်ပေးခဲ့ကြတာတွေကို သက်သေသက္ကာရအဖြစ် ပြနေတာပဲ'

"ဘယ်လောက်ပဲ သက်သေတွေနဲ့ပြပြဖြောင်ငြင်းမှာပဲ၊ အကြမ်းဖက်တဲ့သူတွေကို လက်ဆုပ်လက်ကိုင်နဲ့ဖမ်းမိတဲ့တိုင်အောင် အဲဒီသူတွေဟာ သူတို့အဖွဲ့ဝင် မဟုတ်ပါဘူးလို့ ဖြောင်ငြင်းမှာပဲ၊ အသံလွှင့်ဌာနတွေကလည်း ထုံးစံအတိုင်းဆက်လက်ပြီး မြန်မာနိုင်ငံအပေါ် လုပ်ကြံသတင်းတွေ၊ ကောလာဟလတွေ၊ အနက်ရောင်ဝါဒဖြန့်မှုတွေ ဆက်လုပ်နေဦးမှာပဲ၊ ဒေါ်လာမြက်မြက်ကလေးရအောင် ဆရာကြီးအကြိုက်လိုက်လုပ်ရင်းမင်းသားကြီးမလုပ်ရရင် ပတ်မကြီးကို ထိုးဖောက်ပစ်မယ်ဆိုတဲ့ စိတ်ရိုင်းစိတ်ယုတ်တွေနဲ့ ဘယ်သူသေသေ၊ ပြည်သူတွေဘယ်လောက်ဒုက္ခရောက်ရောက်ငတေမာရင် ပြီးရောဆိုတဲ့ ခံယူချက်နဲ့ လုပ်နေကြဦးမှာ အမှန်ပဲ"

"ဒါကြောင့် ဒို့ပြည်သူတွေအမှန်ကိုအမှန်တိုင်းသိရှိနိုင်၊ ရှုမြင်နိုင်၊ သုံးသပ်နိုင်အောင် နိုင်ငံတော် အစိုးရမီဒီယာတွေနဲ့ အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိကြတဲ့၊ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိကြတဲ့ မီဒီယာလောကသားအားလုံးက အချိန်နဲ့တစ်ပြေးညီ အဆက်မပြတ်လုပ်ဆောင်သွားကြရမှာပဲမဟုတ်လား"

"ဟုတ်ပ၊ ဟုတ်ပ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော် ပူးပေါင်းလက်တွဲပြီး တက်ညီလက်ညီသာ လုပ်ဆောင်သွားကြမယ်ဆိုရင် ကိုလိုနီနယ်ချဲ့လက်သစ်သမားတွေနဲ့ သူတို့ရဲ့လက်ဝေခံအစေအပါးတွေရဲ့ အဖျက်အမှောင့်လုပ်ငန်းတွေ၊ လုပ်ကြံပြောဆို ဝါဒဖြန့်မှုတွေကို ကာကွယ်တားဆီးရှင်းလင်းဖယ်ထုတ်နိုင်မှာအမှန်ပဲဟေ့"

ထိုသို့စကားဝိုင်းဖွဲ့အပြီးတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အမြန်တည်ဆောက်ပြီးစီးပါက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ များမကြာမီရောက်ရှိနိုင်တော့မည်ကို ကျွန်တော့်စိတ်ကူးတွင် မြင်ယောင်နေမိပါသည်။

ယခုတည်ဆောက်ဆဲကာလတွင်မူ သတင်းနည်းပညာခေတ်ဖြစ်သည်နှင့်အညီ သတင်းများလျင်မြန်စွာရလွယ်၊ ပြန့်ပွားလွယ်သည်ကိုသတိမူ၍ ပြည်တွင်းပြည်ပအဖျက်သမားတို့၏ လုပ်ကြံ၊ ဖန်တီး၊ အပုပ်ချပြောဆို၊ လွှင့်ထုတ်မှုတို့ကိုတားဆီးကာကွယ်နိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ မိမိမီဒီယာစွမ်းအားဖြင့် တုံ့ပြန်ချေဖျက်နိုင်ကြရပါမည်။ သတင်းလက်ဦးမှုကို ရယူထားကြရပါမည်။ ပြည်သူများကိုအသိ၊အမြင်၊ အတွေးအခေါ် မှန်ကန်စေရန်အတွက် အမှန်တရားဖြင့်အစဉ်မီးမောင်းထိုးပြနေရပါမည်။ ပိုမိုထိရောက်အောင်မြင်ရန်အတွက် နိုင်ငံတော်၏မီဒီယာစွမ်းအားအပြင် ပုဂ္ဂလိက မီဒီယာများကလည်း အမျိုးသားရေးအမြင်ဖြင့် ကျရာကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရပါမည်။ မီဒီယာကိုမီဒီယာဖြင့် တုံ့ပြန်ချေဖျက်မှသာအမှန်တရား၏ဘက်တော်သားမီဒီယာသမားများပီသမည်ဖြစ်ကြောင်း စဉ်းစားနေမိပါတော့သည်။ ။

ဆည်မြောင်းဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်သူများပူးပေါင်း ကုန်းတောင်းဆည် ပြုပြင်မွမ်းမံမှုကြောင့် သောက်သုံးရေသာမက စိုက်ပျိုးရေပါပေးဝေနိုင်

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ စက်တင်ဘာ ၂၄ရက်တွင် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာရှိ မှန်ကျောင်းဆရာတော် ဦးတိလောကအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအပေါ် အကြံပြုဆွေးနွေးမှာကြားပြီး ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ပြုပြင်မွမ်းမံရန် အလှူငွေနှင့် ပံ့ပိုးကူညီမှုများကို ပေးအပ်သည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် အသင်းဝင်များနှင့်အတူ မွမ်းမံပြင်ဆင်ပြီးဖြစ်သော လောကရန်နိုင်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် အသင်းဝင်များနှင့်အတူ သာစည်မြို့နယ် ကုန်းတောင်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ကုန်းတောင်းကျေးရွာရှိ ဆည်ငယ်၊ ကန်ငယ်ဖြစ်သည့် ကုန်းတောင်းဆည်ကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုန်းတောင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရွာသားများ ပူးပေါင်း၍ ပြုပြင်မွမ်းမံထားရှိမှုနှင့် ရေဝင်ရောက်မှု အခြေအနေများကို ဒေသခံရွာသားများနှင့်အတူ ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ကုန်းတောင်းဆည်အနီး၌ ကုန်းတောင်း ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနေမှုများနှင့် ရေရှားသည့်ကုန်းတောင်းကျေးရွာ၌လည်း ဆည်မြောင်းဦးစီးဌာန၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရွာသူ၊ ရွာသားများ ပူးပေါင်း၍ ကုန်းတောင်းဆည်ကိုပြုပြင်မွမ်းမံမှုကြောင့် သောက်သုံးရေသာမက စိုက်ပျိုးရေပါ ပေးဝေနိုင်သည်ကို တွေ့မြင်ရ၍ ရွာသားများနှင့် ထပ်တူထပ်မျှဝမ်းမြောက်ပါကြောင်းနှင့် မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစည်းညီညွတ်စွာဖြင့် ဆက်လက်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူက ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားမှု အထောက်အကူပြုသည့် ကုန်းတောင်းဆည် ပြုပြင်ပေးသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုန်းတောင်းကျေးရွာမှ သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ညွန့်က မိမိတို့ဒေသသည် ရေရှားပါးသည့် ဒေသဖြစ်ကြောင်း၊ ယခုကဲ့သို့ ရေလှောင်တမံကို ပြင်ဆင်မွမ်းမံပေးမှုအတွက် ရွာသားအားလုံးက ကျေးဇူးတင်ရှိပါကြောင်းနှင့် ရေသွင်းမြောင်းများ စုပေါင်းတူးဖော်မှုနှင့် ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကောက်စိုက်အဖွဲ့များက ယခင်က စပါးစိုက်ပျိုးသော်လည်း မိုးကောင်းသောက်ဖြစ်၍ မသေချာကြောင်း၊ ဆည်ရေဖြင့် စပါးစိုက်ပျိုးနိုင်ပြီး အောင်ရေသေချာသည့်အတွက် စပါးအထွက်ကောင်းမည်ဖြစ်၍ ကျေးဇူးတင်ဝမ်းသာကြောင်း ပြောကြားကြသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးက အသင်းဝင်များနှင့် ကုန်းတောင်းကျေးရွာသူ၊ ကျေးရွာသားများအား မိမိတို့နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအာဏာပိုင်များ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံရွာသားများ ပူးပေါင်းဆောင်ရွက်မှုများသည် လက်တွေ့ကျပြီး အကျိုးရှိသော လုပ်ဆောင်မှုများဖြစ်သည်ကို လက်တွေ့သိမြင် ခံစားရပြီဖြစ်ကြောင်း၊ ကျေးလက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ မီးလင်းရေးနှင့် ရပ်ရေးရွာရေးကိစ္စရပ်များတွင် စုစည်းညီညွတ်စွာဖြင့် ဆက်လက်ဝိုင်းဝန်း ဆောင်ရွက်သွားကြရေးမှာကြားပြီး စာသင်ကျောင်းပြုပြင်ရေး၊ ကျေးလက်မီးလင်းရေးနှင့် သာစည်-မိတ္ထီလာ ကားလမ်းသို့ ဒေသခံတပ်မတော်သားများ၊ အသင်းဝင်များနှင့် ရွာသားများ ပူးပေါင်းဖောက်လုပ်ထားသည့် မြေသားလမ်း ပြုပြင် မွမ်းမံရေးတို့အတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သာစည်မြို့နယ် ကုန်းတောင်းကျေးရွာတွင် ကျေးရွာလူထုအား တွေ့ဆုံဆွေးနွေး မှာကြားစဉ်။ (လယ်ယာ/ဆည်မြောင်း)

ကောလာဟလ

✡ နားတစ်စုံ လျှာတစ်ငုံ
ဖူးစာစုံဖက်၊ ဂဟေဆက်ကာ
ကောလာဟလ၊ ဗာလပုတ္တာ
ဝိဇာယတိ ဖွားမြင်၏။

✡ လက်ဖက်ရည်ဆိုင်မှာမွေး
ဈေးထဲမှာကြီးပြင်း
ခြေနင်းစကြာတပ်၊ အရပ်တကာလှည့်
သူ့ရဲ့အလုပ်
ကျွန်ုပ်တို့သံတော်ဆင့်လေ
အကြေအညာ
အပြည်ပြည်အရွာရွာ
သွားလာလှုပ်ရှား၊ နားနားကပ်ပြီး
သိပြီးပလား၊ သိပြီးပလား
ဟိုနားဘာညာ၊ သည်နားဘာညာ
ဟင်-ဟယ်-ဟာ ပေါင်း၊ ထောင်သောင်းများစွာ
သူ့ပညာပေါ့။

✡ ကောလာဟလ
အစမှာ အခိုးအငွေ့၊ တရွေ့ရွေ့ကြီးထွား
ကြာမြင့်သွားတော့
ဟော့-လန့်တတ်သူ့အလယ်
အစွယ်ပြူးပြူး၊ ဘီလူးကြီးဖြစ်။

✡ ကြားဖူးတယ်မဟုတ်လား
ဟိုရှေးများက
မုဆိုးမ စကော၊ လေလွင့်မျောရာ
ကောလာဟလ၊ သူကဝင်ရော
ငစကောတပ်ကြီး၊ ဖန်တီးလှန့်လို့
ပျူတို့ရွှေမြေ၊ သရေခေတ္တရာ
မဟာယဉ်ကျေးမှု
သူ့စနက်ကြောင့်
ပျက်သုဉ်းခဲ့ရဖူးပါပြီ။ ။

နောင်

စတုတ္ထအကြိမ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စတုတ္ထအကြိမ် မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြိုင်ပွဲ (The Fourth Myanmar National ICT Awards Competition)ကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က Education & Training Health Solutions, Security, E-Government Application & Services, Industrial Applications, Business Application, E-Commerce, Tourism, Communication, Entertainment Application, Research & Development ဟူ၍ ကဏ္ဍများအလိုက် ကျင်းပမည်ဖြစ်သဖြင့် တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားပြီး စတုတ္ထအကြိမ် မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြိုင်ပွဲနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်ပုံစံများကို စက်တင်ဘာ ၁၄ရက်မှ စတင်၍ရယူနိုင်ပြီဖြစ်သည်။

မိမိတို့ယှဉ်ပြိုင်လိုသည့် Sofware Products, Multimedia and Animation Products, Website, CD Rom စသည့် အချက်အလက်များကို အောက်တိုဘာ ၁၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းသို့ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ရုံးခန်း MICT Park (လှိုင်တက္ကသိုလ်နယ်မြေ) ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငွေဝတ်မှုံရပ်ကွက်နေ ဖခင် ဦးကိုကိုထူး-မိခင်ဒေါ်စန္ဒာအောင်တို့အား အမှူးထား၍ သား မောင်မင်းသီဟထူးက မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်ကျပ် တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၅ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀	လယ်ယာ(၁၆) လက်တွန်းထွန်စက်အသုံးပြုခြင်း
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	အနုပညာရပ်ဝန်းမှပွဲတင်သံများ (Korea StarsMyanmar Tour)
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	သွေးလွန်တုပ်ကွေးကာကွယ်ခြင်းလောက်လမ်းနှိမ်နှင်းပေး
၇း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	Sunday Talk
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	မှတ်ပုံတင်ကစကြရအောင် (ထွန်းထွန်းဝင်း၊ ရတနာခင်)
၉း၃၅	Learning English(Tools)
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ရှားပါးသော ရေချိုရေငန်စပ်မိကျောင်းများ(အပိုင်း-၃)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ဆူနာမီရေလှိုင်းကာကွယ်ရေးအကြောင်းသိကောင်းစရာ
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်၊ သထုံခရိုင်)
၁၀း၅၀	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်
၁၀း၀၀ Chelsea-Aston Villa
လိုင်း 5-Cartoons (Delay)

နှစ်နိုင်ငံ တပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မြဲရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

✪ **ကျော်ဖုံးမှ**

ယင်းနောက်ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တပ်မတော်ခန်းမရှေ့၌ ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တပ်မတော်ခန်းမရှေ့၌ နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် သစ်ပင်ငယ်ကိုစိုက်ပျိုးပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဒါကာမြို့ရှိ Pan Sacific Sonargoonဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

တွေ့ဆုံနှုတ်ဆက်

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာအား စက်တင်ဘာ၂၅ရက် မွန်းလွဲ ၁နာရီခွဲတွင် ဒါကာမြို့ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးသိန်းမြင့်တို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနအတွင်းဝန် Major General Aim Mustafa Reza Noor, ndc ၊ Additional Foreign Secretary, A.H.M Moniruzzaman နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာနှင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ယင်းနေ့ နံနက် ၈နာရီ ၁၅မိနစ်ကလည်း ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ် ဦးစီးချုပ်ရုံးသို့ သွားရောက်၍ ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ် ဦးစီးချုပ် Lt, Gen. Moeen U. Ahmed, psc အား သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ဆွေးနွေး

ထို့သို့တွေ့ဆုံရာတွင် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မြဲရေး၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ် Lt, Gen. Moeen U. Ahmed, psc တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

လက်မှတ်ရေးထိုး

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ် ဦးစီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဒါကာမြို့ရှိ ဘင်္ဂလားဒေ့ရှ် တပ်မတော် Armed Forces Division သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား Principal Staff Officer, Major General, Aim Mustafa Reza Noor, ndc နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား Conference Room ၌ Principal Staff Officer, Major General, Aim Mustafa Reza Noor, ndc က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Power Point ဖြင့် ဘင်္ဂလားဒေ့ရှ်တပ်မတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

မှတ်တမ်းတင်လက်မှတ်ရေးထိုး

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် Principal Staff Officer တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းကလည်း ဒါကာမြို့ရှိ သူရဲကောင်းဗိမာန်သို့ သွားရောက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သူရဲကောင်းဗိမာန်၌ ဂုဏ်ပြုပန်းခွေချ၍ အလေးပြုသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် သူရဲကောင်းဗိမာန်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ပိုစတိုဂိုလာ(Postogola) ဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ရေယာဉ်ဖြင့် Buri Ganga မြစ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဒါကာမြို့ရှိ Bashundhara City Towerသို့ ရောက်ရှိကြပြီး Tower အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ညပိုင်းတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဒါကာမြို့ရှိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး၏ နေအိမ်သို့ သွားရောက်ပြီး သံအမတ်ကြီး ဦးသိန်းမြင့်နှင့်ဇနီး၊ မြန်မာသံရုံးမိသားစုဝင်များ၊ စစ်သံရုံးမိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နှုတ်ဆက်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မအူပင်မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)၏ ဖြိုးရောကုမ္ပဏီလီမိတက် အမှတ်(၂) ငါးမွေးမြူရေးစခန်း (ဝါးတော)တွင် အသားတိုးငါးများ၏ ကြီးထွားနှုန်းကောင်းမွန်မှုကို ချိန်တွယ်ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဧရာဝတီတိုင်း၌ ငါးမွေးမြူရေးစခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် မအူပင်ရေနက်ကွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို) ဖြိုးရောကုမ္ပဏီလီမိတက် မွေးမြူရေးကန်ဧက ၃၀၀ အမှတ်(၁) ငါးမွေးမြူရေးစခန်း(သဇင်ရေကျော်)သို့ ရောက်ရှိရာ စခန်းတာဝန်ခံက ကန်အလိုက် ငါးမွေးမြူထားရှိမှုအခြေအနေ၊ ကြီးထွားနှုန်းနှင့် ဖော်မည့်အချိန်တွင် ရရှိမည့်အလေးချိန်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက မွေးမြူရေးကန်များ၏ ရေအရည်အသွေး ကောင်းမွန်ရေး၊ အစာကျွေးနှုန်းမှန်ကန်ရေးနှင့် ဈေးကွက်နှင့် ဈေးနှုန်း လိုအပ်ချက်များကို ဖြည့်စွက် မှာကြားပြီး ငါးမွေးမြူရေးကန်များကို အဝေးကြည့်မျှော်စင်မှ ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ညောင်တုန်းမြို့နယ် မအူပင် ရေနက်ကွင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူရေးကန်ဧက ၁၀၀၀ ကျီးမဲကြီး ငါးမွေးမြူရေး စခန်းသို့ ရောက်ရှိပြီး ကျီးမဲကြီးငါးမွေးမြူရေးစခန်း တာဝန်ခံနှင့် သဇင်ရေကျော် ငါးမွေးမြူရေးစခန်း တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး မွေးမြူရေးကန်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မွန်းလွဲပိုင်းတွင် မအူပင်မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)၏ ဖြိုးရောကုမ္ပဏီလီမိတက် မွေးမြူရေးကန်ဧက ၈၇၅ ဧကရှိ အမှတ်(၂) ငါးမွေးမြူရေးစခန်း (ဝါးတော)သို့ ရောက်ရှိပြီး အသားတိုး ငါးမွေးမြူရေးကန်များ၏ ရေအရည်အသွေး နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွေးမြူရေးကန်များအလိုက် ခြောက်လသားအရွယ် အသားတိုးငါးများ၏ ကြီးထွားနှုန်းကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ကြီးထွားနှုန်းမှန်ကန်စွာ တိုးတက်ရေး၊ ရေအရည်အသွေးတိုးတက်ရေးအတွက် နေ့စဉ်ကြပ်မတ်ကြည့်ရှုရေးနှင့် ငါးမွေးကန်လုပ်သားများ၏ သက်သာချောင်ချိရေးကိစ္စများကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ငါးမွေးမြူရေးစခန်း (ဝါးတော)နှင့် အဏ္ဏဝါလွှမ်းကုမ္ပဏီ၏ Top Success ငါးမွေးမြူရေးစခန်းများသို့ ရောက်ရှိပြီး ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ဂရင်းရွိုင်ရယ်ဗလား ဘောလုံးပြိုင်ပွဲ သတင်းစာရှင်းလင်း မြန်မာ၊ တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် စက်တင်ဘာ ၂၆

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co., Ltd တို့ ပူးပေါင်းကျင်းပမည့် Grand Royal 2005 Challenge Cup ဘောလုံးပြိုင်ပွဲနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ International Beverages Trading Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ဘောလုံးပြိုင်ပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပါဝင်ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်းများ၏ အခြေအနေကို ရှင်းလင်းပြောကြား၍ အထွေထွေအတွင်းရေးမှူး ဦးဘန်နီတင်အောင်က ပြိုင်ပွဲကျင်းပရေးအတွက် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၏ သိရှိလိုသော အချက်အလက်များကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြသည်။

Grand Royal 2005 Challenge Cup ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ကျင်းပမည်ဖြစ်ရာ မြန်မာ(U-23)အသင်း၊ တရုတ်(U-20)အသင်း၊ အိန္ဒိယ(U-20)အသင်းနှင့် ဘင်္ဂလားဒေ့ရှ် (U-23)အသင်း လေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုကြေး အမေရိကန်ဒေါ်လာ ၁၅၀၀၀နှင့် ဒုတိယဆုကြေး အမေရိကန်ဒေါ်လာ ၈၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

အသက်(၁၈)နှစ်နှင့်အောက် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်ကကြီးမှူး၍ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို အောက်တိုဘာ ၄ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။(ကြေးမုံ)

လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းသည် ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)သို့ တက်ရောက် အမှာစကားပြောကြားသည်။

နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးမင်းသိမ်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးနေဝင်း၊ လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှဋ္ဌေးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများ၊ လူမှုရေး အသင်း အဖွဲ့ဝင်များ၊ ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက အမှာစကားပြောကြားသည်။

ထို့နောက် လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးဦးသောင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းသိမ်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးမင်းသိမ်းကအသင်း၏လုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်ခဲ့ကြသော ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ထူးချွန်အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ထူးချွန်ဆုများ ချီးမြှင့်ပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆက်လက်ကျင်းပ

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှဋ္ဌေးက ဆောင်ရွက်သည်။

ယင်းနောက် သဘာပတိက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် အလုပ်အမှုဆောင်များက အသင်း၏ အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ အစီရင်ခံစာအပေါ် ရှေးရာကဏ္ဍအလိုက် ပြန်လည်အကြံပြုဆွေးနွေးတင်ပြခြင်း၊ အစည်းအဝေးက ချမှတ်သည့် ဆုံးဖြတ်ချက်၊ ရှေ့လုပ်ငန်းစဉ်များနှင့် မှတ်တမ်းတင်ခြင်းများကို ကြေညာခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်း ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၂၃ ရက်တွင် မန္တလေးတိုင်း ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ ရောက်ရှိပြီး သင်တန်းသား၊ သင်တန်းသူများအတွက် ငွေကျပ်သုံးသိန်းခန့်တန်ဖိုးရှိ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်နှင့် စားပွဲတင်တင်းနစ် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းက လက်ခံသည်။

ပေးအပ်ချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် စက်တင်ဘာ ၂၄ ရက်တွင် စစ်ကိုင်းတိုင်း ဝက်လက်မြို့သို့ ရောက်ရှိပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည့် ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)သို့ တက်ရောက် အမှာစကား ပြောကြား၍ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဝက်လက်မြို့နယ်မှ လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ နှစ်ဦးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နိုင်ငံတော်အဆင့်၌ ဂုဏ်ထူးဆောင်ဆု ရရှိသူ သုံးဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဝက်လက်မြို့ အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် ၅၈သိန်း၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ်သိန်း ၂၀ တို့ဖြင့် အကုန်အကျခံ တည်ဆောက်လျက်ရှိသော အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုးကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဘိလပ်မြေအိတ် ၂၀၀ကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်/ကျေးရွာ စည်းရုံးရေးမှူးများအား တွေ့ဆုံ၍ အသင်းကိစ္စရပ်များကို မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဝက်လက်မြို့နယ် အားကစားကွင်း၌ ကျင်းပသော မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဖလား ကျေးရွာပေါင်းစုံ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို တက်ရောက်ကြည့်ရှုအားပေးပြီး ဗိုလ်လုပွဲအပြီးတွင် ဒုတိယဆုရ ဟံလင်းကျေးရွာအသင်းအား ငွေကျပ် တစ်သိန်း၊ ပထမဆုရ ရွှေပန်းကုန်းကျေးရွာ အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စစ်ကိုင်းတိုင်း ဝက်လက်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)တွင် ဂုဏ်ထူး ဆောင်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(အား/ကာ)

(၈၂)ကြိမ်မြောက် မလေးရှားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာအဖွဲ့ ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် တစ်ခုရရှိ

ရန်ကုန် စက်တင်ဘာ ၂၆

မလေးရှားနိုင်ငံ ပီနန်မြို့၌ (၈၂)ကြိမ်မြောက် မလေးရှားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်က ဆက်လက်ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ရွှေလေးခုနှင့် ငွေနှစ်ခု ထပ်မံရရှိသည်။

ယမန်နေ့တွင် ကျင်းပသော မီတာ ၁၀၀၀၀ ပြိုင်ပွဲ၌ အောင်သီဟက စံချိန် ၃၁ မိနစ် ၅၁ ဒသမ ၂၆ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ မီတာ ၂၀၀ ပြိုင်ပွဲ၌ ကေခိုင်လွင်က စံချိန် ၂၃ ဒသမ ၃၈ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ မီတာ ၈၀၀ ပြိုင်ပွဲ၌ မြင့်မြင့်အေးက စံချိန် ၂ မိနစ် ဝ၆ ဒသမ ၉၂ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ (၄ × ၄၀၀) မီတာ လက်ဆင့်ကမ်း ပြိုင်ပွဲ၌ ကေခိုင်လွင်၊ မြင့်မြင့်အေး၊ ယဉ်ယဉ်ခိုင်နှင့် လဲ့လဲ့ဝင်းတို့ ပါဝင်ကြသော မြန်မာအသင်းက စံချိန် သုံးမိနစ် ၄၈ ဒသမ ၅၃ စက္ကန့်ဖြင့် ရွှေတံဆိပ် အသီးသီးရရှိကြသည်။

မီတာ ၂၀၀ ပြိုင်ပွဲ၌ လဲ့လဲ့ဝင်းက စံချိန် ၂၃ ဒသမ ၇၈ စက္ကန့်ဖြင့် ငွေတံဆိပ်နှင့် မီတာ ၈၀၀ ပြိုင်ပွဲ၌ ယဉ်ယဉ်ခိုင်က စံချိန် ၂ မိနစ် ဝ၉ ဒသမ ၃၂ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာပြေးခုန်ပစ်အဖွဲ့က စုစုပေါင်း ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ် တစ်ခု ရရှိသည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲစတင်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၅ ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလားအသက်(၂၁)နှစ်နှင့် အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ စတင်ကျင်းပသည်။

(ကက)အုပ်စု ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းအားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းနှင့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲ ဖြစ်သွားပြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ နဂါးရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Lets' Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြုများ) (သတ္တဗေဒ)**
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၀၀ ၅။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (အဆင့် မြင့်ပညာအဆင့်) (အမျိုးသား)
၅:၁၅ ၆။ ထာဝစဉ်နှလုံမြန်မာ့ဂီတ (အတီးပညာ ဘာသာရပ်ဆွေးနွေးခန်း)
၅:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၄၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး" (အပိုင်း-၂၆)**
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း-၂၆)(ဇာတ်သိမ်းပိုင်း)**
၇:၃၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၄၅ ၁၄။ ရပ်ရွာပဒေသာ ဖွင့်ပါမနွေး ကျေးလက်ဖွံ့ဖြိုးရေး(အပိုင်း-၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်" (အပိုင်း-၁၆)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။



အာဆီယံပါလီမန်များအဖွဲ့ အထွေထွေညီလာခံကျင်းပ တရားသူကြီးချုပ်ဦးအောင်တိုး တက်ရောက်မိန့်ခွန်းပြောကြား

ရန်ကုန် စက်တင်ဘာ ၂၆

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ခေါင်းဆောင်သော မြန်မာနိုင်ငံမှ အထူးလေ့လာသူကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ရက်မှ ၂၃ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်း မြို့၌ ကျင်းပခဲ့သည့် အာဆီယံပါလီမန်များအဖွဲ့(အိုင်ပို)၏ (၂၆)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၄ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

တရားသူကြီးချုပ် ဦးအောင်တိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရှေ့နေချုပ် ဦးအေးမောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်၊ တရားရုံးချုပ်တရားသူကြီး ဦးခင်မောင်အေး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chanthavy Bodhisane နှင့် တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီရုံးတို့မှ တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဖွဲ့ခေါင်းဆောင်နှင့်အတူ ကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသော အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်နှင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဒေါက်တာထွန်းရှင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

အာဆီယံပါလီမန်များအဖွဲ့(အိုင်ပို)၏ (၂၆)ကြိမ်မြောက် အထွေထွေညီလာခံသို့ အာဆီယံနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးလေ့လာသူကိုယ်စားလှယ်များနှင့် လေ့လာသူကိုယ်စား လှယ်များ တက်ရောက်ကြပြီး ညီလာခံဖွင့်ပွဲ အခမ်းအနား မစတင်မီ (အိုင်ပို)ဥက္ကဋ္ဌ H.E. Mr. Samane VIGNAKET က ညီလာခံသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား တွေ့ဆုံနှုတ်ဆက်သည်။

ဖွင့်ပွဲ အခမ်းအနားကို ဗီယင်ကျန်းမြို့ Don Chan Palace ဟိုတယ် ကွန်ဗင်းရှင်းခန်းမ၌ စက်တင်ဘာ ၁၉ရက် နံနက် ၉နာရီတွင် ကျင်းပရာ အာဆီယံ ပါလီမန်များအဖွဲ့(အိုင်ပို) ဥက္ကဋ္ဌ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E. Mr. Samane VIGNAKET က အခမ်း အနားဖွင့်မိန့်ခွန်းပြောကြားပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ညီလာခံသို့ တက်ရောက်လာကြသော အာဆီယံပါလီမန်များအဖွဲ့ (အိုင်ပို)အဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များ၊ အထူးလေ့လာသူကိုယ်စားလှယ်အဖွဲ့များနှင့် လေ့လာသူကိုယ်စားလှယ်အဖွဲ့များ၏ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံမှ အထူးလေ့လာသူကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် တရားသူကြီးချုပ် ဦးအောင်တိုးကလည်း မိန့်ခွန်းပြောကြားသည်။

အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အာဆီယံပါလီမန်များအဖွဲ့ (အိုင်ပို)၏ (၂၆) ကြိမ်မြောက် အထွေထွေညီလာခံတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Samane VIGNAKET နှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသော ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။
(တရားရေး)

ယင်းနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသော ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အိုင်ပိုဥက္ကဋ္ဌ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ညီလာခံကို စက်တင်ဘာ ၂၂ရက် ညနေ ၅နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

မဟာဗောဓိစာသင်တိုက် နှစ် ၁၀၀ပြည့်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

ရခိုင်ပြည်နယ် သံတွဲမြို့ မဟာဗောဓိစာသင်တိုက် နှစ် ၁၀၀ပြည့် ပတ္တမြားရတုသဘင်နှင့် စုပေါင်းမဟာဘုံကထိန်အလှူမင်္ဂလာကို အောက်တိုဘာ ၃၁ရက် (တနင်္လာနေ့)တွင် အထက်ပါစာသင်တိုက်၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့်ဂေါပကအဖွဲ့နှင့်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

ဗီးဂတ်စ်မြန်မာစနူကာပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် စိန်ဝတ်မှုံ ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် Vegas Myanmar Snooker (Senior & Junior) Championship 2005 ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်၁၀နာရီက အာရှပလာဇာဟိုတယ် စိန်နှင့်မြမင်္ဂလာခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က အမှာစကားပြောကြားပြီး စိန်ဝတ်မှုံ ကုမ္ပဏီမှ Marketing Manager ဦးသက်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ အား/ကာညွှန်ကြားရေးမှူးချုပ်က စနူကာထိုး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပြည်မြို့ကြီးငါးမြို့တွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တွင် ၁၅၉ဦး၊ မန္တလေးတွင် ၁၀၆ဦး၊ တောင်ကြီးတွင် ၁၀၈ဦး၊ မော်လမြိုင်၌ ၂၅ဦး၊ ပြည်၌ ၂၅ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် စနူကာထိုး၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၄)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုသူများသည် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဖုန်း ၂၅၁၉၈၉၊ ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဖုန်း-၂၅၁၄၁၇၊ ဒဂုံမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၃၈၄၇၃၁၊ လမ်းမတော်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၂၂၄၇၉၇၊ လသာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၂၅၀၈၅၂၊၂၅၀၈၁၆၊ ပန်းဘဲတန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၃၇၁၂၆၀၊ ကျောက်တံတားမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဖုန်း-၃၇၃၂၈၄တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲ ဆုရသူများ စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဦးစီးကော်မတီပြပွဲ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၏ အစီအစဉ်အရ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ် လုပ်ငန်းခွင် အကြိုဆရာအတတ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများအတွက် "ဘက်စုံထူးချွန်ဆရာမွန်"ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် "ကျေးဇူးကမ္ဘာ တို့ဆရာ" ခေါင်းစဉ်ဖြင့် ကဗျာပြိုင်ပွဲများကိုလည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများမှ ဆရာ၊ ဆရာမများ၊ အခြေခံပညာကျောင်း/ရုံးများမှ ဆရာ၊ ဆရာမများအတွက် "ပညာရှာ၏ ဓာတ်ဆရာ"ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲကိုလည်းကောင်း ၂၀၀၅ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပခဲ့သည်။

အဆိုပါ စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးစာမူများကို စာမူစိစစ်အကဲဖြတ်ရေးအဖွဲ့များဖြင့် စိစစ်ပြီးဖြစ်သဖြင့် ဆုရသူများ စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ မောင်ရှိန်းထက်ပိုပို သတ္တမတန်း အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မုဒုံမြို့နယ် မွန်ပြည်နယ်က ပထမ၊ မနီလာထွန်း သတ္တမတန်း အခြေခံပညာအထက်တန်းကျောင်း မြဝတီမြို့နယ် ကရင်ပြည်နယ်က ဒုတိယ၊ မောင်ကျော်ခိုင်ထက် သတ္တမတန်း အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း ပုသိမ်မြို့နယ် ဧရာဝတီတိုင်းက တတိယ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ မောင်ရဲထက်အောင် နဝမတန်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြိတ်မြို့နယ် တနင်္သာရီတိုင်းက ပထမ၊ မဇွန်ဦးလှိုင် အဋ္ဌမတန်း အခြေခံပညာ အလယ်တန်းကျောင်း ညောင်လေးပင်မြို့နယ် ပဲခူးတိုင်းက ဒုတိယ၊ မောင်စိုင်းထောင်းခမ်း အဋ္ဌမတန်း အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျိုင်းတုံမြို့နယ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က တတိယ၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲ၌ မခိုင်ဝတ်ရည် ဒုတိယနှစ် မော်လမြိုင်ပညာရေးကောလိပ်က ပထမ၊ မနီလာတင် ဒုတိယနှစ် ရန်ကင်းပညာရေးကောလိပ်က ဒုတိယ၊ မဥမ္မာခိုင် ဒုတိယနှစ် သဃ်န်းကျွန်း ပညာရေးကောလိပ်က တတိယ၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ၌ မနှင်းအေးမိုးလွင် သတ္တမတန်း အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း မော်လမြိုင်မြို့နယ် မွန်ပြည်နယ်က ပထမ၊ မကေသီစိုး သတ္တမတန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ထားဝယ်မြို့နယ် တနင်္သာရီတိုင်းက ဒုတိယ၊ မရွှေယမင်းဦး သတ္တမတန်း အခြေခံပညာအထက်တန်းကျောင်း ပဲနွယ်ကုန်း ကျောက်တံခါးမြို့နယ် ပဲခူးတိုင်းက တတိယ၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၌ မောင်သန့်အောင်ဖြိုး အဋ္ဌမတန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြိတ်မြို့နယ် တနင်္သာရီတိုင်းက ပထမ၊ မောင်အောင်ဆန်းမင်း ဒသမတန်း အခြေခံပညာအထက်တန်းကျောင်း မြဝတီမြို့နယ် ကရင်ပြည်နယ်က ဒုတိယ၊ မဆုမြတ်နွယ် အဋ္ဌမတန်း အခြေခံပညာ အလယ်တန်းကျောင်း(ချောင်းရင်း) ညောင်လေးပင်မြို့နယ် ပဲခူးတိုင်းက တတိယ၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲ၌ မစန္ဒာမြိုင် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ကျောက်ဖြူပညာရေးကောလိပ်က ပထမ၊ မောင်ကျော်သူမြင့်ထွန်း ဒုတိယနှစ် ပုသိမ်ပညာရေးကောလိပ်က ဒုတိယ၊မနှင်းနန္ဒာလင်း ဒုတိယနှစ် မော်လမြိုင်ပညာရေးကောလိပ်က တတိယ၊ အခြေခံပညာ မူလတန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၌ ဒေါ်သဇင် မူလတန်းပြ အမှတ်(၁၅)အခြေခံပညာ မူလတန်းကျောင်း ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းက ပထမ၊ဦးစံရွှေ မူလတန်းပြ အခြေခံပညာမူလတန်းကျောင်း(ပုညာ) မြင်းမူမြို့နယ် စစ်ကိုင်းတိုင်းက ဒုတိယ၊ဦးဝင်းစိုး မူလတန်းပြ အခြေခံပညာ မူလတန်းကျောင်း(န) ဂုမ္ဘကွင်းရှာ ကြို့ပင်ကောက်မြို့နယ် ပဲခူးတိုင်း (အနောက်ပိုင်း)က တတိယ၊ အခြေခံပညာအလယ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၌ ဒေါ်သူဇာတင် အလယ်တန်းပြ အခြေခံပညာ အထက်တန်းကျောင်း မြစ်သားမြို့နယ် မန္တလေးတိုင်းက ပထမ၊ ဦးတိုက်စိုး အလယ်တန်းကျောင်းအုပ်(ငြိမ်း) အခြေခံပညာအထက်တန်းကျောင်းခွဲ(ကန်လှ) လယ်ဝေးမြို့နယ် မန္တလေးတိုင်းက ဒုတိယ၊ဦးစိုးမြင့် အလယ်တန်းပြ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သာစည်မြို့နယ် မန္တလေးတိုင်းက တတိယ၊ အခြေခံပညာအထက်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၌ ဒေါ်မြင့်မြင့်ဦး အထက်တန်းပြ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းက ပထမ၊ဦးလှကျော် အထက်တန်းကျောင်းအုပ်(ငြိမ်း) အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းက ဒုတိယ၊ဒေါ်လှအေးယဉ် အထက်တန်းပြ အခြေခံပညာ အထက်တန်းကျောင်း ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ်က တတိယ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ဆောင်းပါးပြိုင်ပွဲ၌ ဒေါက်တာသန်းဝင်း လက်ထောက်ကထိက မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်က ပထမ၊ ဒေါ်ချိုချိုတင့် တွဲဖက်ပါမောက္ခ မြန်မာစာဌာန မအူပင်တက္ကသိုလ်က ဒုတိယ၊ ဒေါ်မြင့်မြင့်စန်း နည်းပြ ပညာရေးသဘောတရားဌာန ရန်ကုန်ပညာရေး တက္ကသိုလ်က တတိယအသီးသီး ရရှိကြသည်။

ဆုရရှိသူများသည် အောက်တိုဘာ ၁ရက်တွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက်သတင်းပို့ရမည် ဖြစ်သည်။
(သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သဃ်န်းကျွန်းမြို့နယ် သင်းလုံးကျွတ်အစည်းအဝေးတက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၆

သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)ကို ယမန်နေ့နံနက် ၁၀နာရီခွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာနှင့်အထက် ဂုဏ်ထူးရရှိကာ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၁ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုချီးမြှင့်ပြီး အလှူရှင်များ၏ အလှူငွေများကို လက်ခံသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ လေးဘာသာနှင့် အထက်ဂုဏ်ထူးရရှိကာ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သဃ်န်းကျွန်းမြို့နယ်မှ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်စဉ်။

(ဆက်သွယ်ရေး)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ဂုဏ်ပြု ဥက္ကံ ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်နှင့် ဆေးဝါးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၅ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် **“အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့”** ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ငွေပဒေသာပင်နှင့် ဆေးဝါးများပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း ဥက္ကံမြို့နယ်ရှိ ဦးမောင်ရန်း-ဒေါ်ရင် ဘိုးဘွားရိပ်သာ ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်း၊ အလှူငွေနှင့် ဆေးဝါးများလှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥက္ကံ ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် တစ်သိန်းနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ရိပ်သာကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဇနီး ဒေါ်ကြည်ကြည်မြ မိသားစုက အဘိုး၊ အဘွားများအတွက် အလှူငွေ ကျပ်တစ်သောင်းနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ရိပ်သာကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး ဦးသိန်းဇော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၄ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား-

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၂၀၇ မှုတွင် တရားခံ ၂၁၀အား အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်မှ အများဆုံးထောင်ဒဏ်သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု ၁၀၇မှုတွင် တရားခံ ၁၆၀အား အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၅ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း)ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ချစ်လို့ပြောတာမှတ်ပါစာအုပ်များ ထပ်မံပုံနှိပ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) ရေးသားသော **“ချစ်လို့ပြောတာမှတ်ပါ”** စာအုပ်ကို (၁၄)ကြိမ်မြောက်ပုံနှိပ်ပြီး ဩဂုတ်လအတွင်း ဖြန့်ချိခဲ့သည်။

အဆိုပါစာအုပ်တွင် လူငယ်ဆိုင်ရာ စိတ်ပညာဆောင်းပါး ၂၆ပုဒ်ဖော်ပြပါရှိသည်။ ၁၉၉၆ခုနှစ် လူငယ်ဆိုင်ရာ အမျိုးသားစာပေဆုရရှိခဲ့သည့် စာအုပ်ဖြစ်ပြီး လူငယ်များနားထောင်ချင်စဖွယ်၊ ဖတ်ရှုချင်စဖွယ်ဖြစ်အောင် ရေးသားထားသည်။

ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် **“ချစ်လို့ပြောတာမှတ်ပါ(၂)”** စာအုပ်ကိုလည်း ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အပေါ်ယာပုံ)**



ဆယ်ကျော်သက် လူငယ်လူရွယ်များ ဘဝအောင်မြင် ပျော်ရွှင်မှုများရရှိရေးအတွက် ကြီးစွာသော အထောက်အကူဖြစ်စေရန် ထက်သန်သောစေတနာဖြင့် ရေးသားထားသော စာအုပ်ဖြစ်ပြီး နိုင်စာပေ အမှတ် ၂၂၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန် မြို့၊ ဖုန်း-၀၁-၃၇၉၇၇၀ မှ ထုတ်ဝေဖြန့်ချိသည်။

(သတင်းစဉ်)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၆

ဗိုလ်မှူးမြသန်း(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကျော်မင်းနိုင်၊ ဒုတိယဗိုလ်မှူးကြီးစိုးတင့်၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ရီ(ငြိမ်း) တို့နှင့်အတူ စက်တင်ဘာ ၂၄ရက်က မြန်မာ့ဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Newing ဘောလုံးကို Callaway No-5 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ကိုက် အကွာအဝေးတွင်ရှိသော အမှတ်(၅)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇) ယှဉ်ပြိုင် ချယ်လ်ဆီး၊ ဘော်လ်တန်၊ နယူးကာဆယ် အနိုင်ရ

လန်ဒန် စက်တင်ဘာ ၂၆

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ကို စနေနေ့က ဆက်လက်ကျင်းပရာ ချယ်လ်ဆီးအသင်းက ဝက်စ်ဘရွန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဘော်လ်တန်အသင်းက ပို့စ်မောက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နယူးကာဆယ်အသင်းက မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဘလက်ဘန်းအသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဝီဂန်အသင်းက အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိပြီး ဘာမင်ဂမ်နှင့် လီဗာပူးတို့၏ပွဲတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သလို ဝက်စ်ဟမ်းနှင့် အာဆင်နယ်အသင်းတို့ ဂိုးမရှိ သရေကျခဲ့ကြသည်။

ချယ်လ်ဆီး-ဝက်စ်ဘရွန်း

ချယ်လ်ဆီးအသင်းမှ ဒန်နီမာဖီသည် ယခုပွဲတွင် ၎င်းတစ်ဦးတည်းက နှစ်ဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ပွဲစတင်ပြီး မကြာမီမှာပင် ပြိုင်ဘက်အသင်းအပေါ် လုံးဝစိုးမိုးထားနိုင်ခဲ့သည်။ ဝက်စ်ဘရွန်းအသင်းသည် ပထမပိုင်းတွင် ခြေမပေါ်ဘဲရှိနေခဲ့ရာ ပွဲချိန် ၉ မိနစ်မှာပင် ချယ်လ်ဆီးအသင်းက အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။

လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမားဟောင်း မာဖီသည် ပွဲချိန် ၉မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် အဝေးကွင်းရလဒ်များ ရာနှုန်းပြည့်ကောင်းမွန်နေပြီး ပရီမီယာရှစ် အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ပွဲချိန် ၃၁မိနစ်တွင် ရွှမ်မက်ဒါးဖြတ်ပို့ပေးလိုက်သော ဘောလုံးကို မာဖီက အနီးကပ် ကန်သွင်းယူနိုင်ခဲ့သည်။

ဘော်လ်တန်-ပို့စ်မောက်

ဘော်လ်တန်အသင်းမှ ကီဗင်နိုလန်က ထိုးဖောက်ကစားခြင်းဖြင့် ပွဲချိန် ၂၅မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးကိုရရှိကာ ပရီမီယာရှစ် အမှတ်ပေးဇယားတွင် ယင်းအသင်းသည် တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ဘော်လ်တန်အသင်းမှ ကီဗင် ဒေးဗီးယက်စ်က ခေါင်းတိုက်ပို့ပေးလိုက်သော ဘောလုံးကို နိုလန်က လှလှပပသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ပို့စ်မောက်အသင်းက အားထည့်ကစားလာသော်လည်း ဘော်လ်တန်အသင်း ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။



ဘော်တန်အသင်းမှ ဟိုင်ဒီတိုရှီ နာကာတာနှင့် ပို့စ်မောက်အသင်းမှ ရစ်ချတ် ဟပ်ဖက်စ်တို့ ဘောလုံးယှဉ်လုနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅) ကို ယမန်နေ့ နံနက် ၁၀နာရီတွင် ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ရန်ကုန်တိုင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမျိုးအောင်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် ရပ်ကွက်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးဖွင့်လှစ်သောသင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ယင်းနောက် ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်-ဒေါ်နီနီဝင်း (ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အင်းစိန်လမ်း)က ငွေကျပ်နှစ်သောင်း၊ ရွှေဖလားလက်ဖက်ရည်ဆိုင်မိသားစု၊ ကမာရွတ်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမှတ်(၈)ရပ်ကွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဦးကျော်ဝင်း (ဒေတာကုမ္ပဏီလီမိတက်)တို့က ငွေကျပ်တစ်သောင်းစီ၊ ဦးသန်းဇော် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊A.Hဆောက်လုပ်ရေး၊ ဦးသန်းဦးနှင့်ဇနီး(စေတနာသုခလမ်း)၊ ပြည်ရိပ်မွန်အိမ်ရာမှ ဦးဘရွှေ-ဒေါ်စန္ဒာနှင့် ဦးစိန်မြင့်-ဒေါ်ခင်စန်းအေးတို့က ငွေကျပ်ငါးထောင်စီတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင်ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်၊ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသိန်းစိန် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် သစ္စာလမ်းနေ (ဦးအုန်းကျော်)လ/ထညွှန်မှူး အကျဉ်းဦးစီးဌာန (ငြိမ်း)-ဒေါ်စောရင်အားအမှူးထား၍ ဦးစိုးဟန်-ဒေါ်လှဲလှဲဝါ၊ ဦးခိုင်စိုးကျော်-ဒေါ်နီလာခိုင်၊ မောင်သိန်းထိုက် ကျော်၊ မောင်အောင်အောင်ကျော် မိသားစုကဒဂုံမြို့နယ်၊အမှတ်(၁၂) စကားဝါလမ်း တိပိဋကကျောင်းတော်၏ တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်သိန်း၂၀ကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ အနုမောဒနာနာယူပြီး ရေစက်ချ၍ တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သီရိမင်္ဂလာမဟာစည် တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြဝတီမင်းကြီးလမ်း သီရိမင်္ဂလာ မဟာစည်ရိပ်သာ ဆရာတော် ဓမ္မကထိကဗဟုဇနဟိတရေ မဟာစည်နယ်လှည့် ဓမ္မကထိက တွံတေးအရှင်ဣန္ဒက အရှင်မြတ်သည် ပြည်ပဓမ္မဒူတ သာသနာပြုခရီး ကြွရောက်တော်မူရာမှ အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည် ကြွရောက်တော်မူမည်ဖြစ်ပြီး အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်အထိ (၁၄)ကြိမ်မြောက် မဟာစည် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ကျင်းပဟောကြားပြသမည်ဖြစ်ရာ ယောဂီဦးရေ ၅၀ သာ လက်ခံမည်ဖြစ်၍ တရားစခန်းဝင်ရောက်လိုသူများ သီရိမင်္ဂလာ မဟာစည်ရိပ်သာ ဖုန်း-၅၈၀၄၅၄ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပခုက္ကူခရိုင် ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် စက်တင်ဘာ ၂၀ရက်တွင် မကွေးတိုင်း ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာမကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) တို့က မြို့ရေပေးရေး တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က မြို့ရေပေးရေး အိမ်သွယ်ရေတိုင်များကို ရေမီတာတပ်ဆင်ပေးဝေမှု၊ မြို့တွင်းလမ်းများအဆင့်မြှင့်တင်ရေးဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူခရိုင်အတွင်းရှိ မြို့များ ရေရရှိရေး၊ ကျေးလက်ရေရရှိရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးတို့ကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ လုပ်ငန်းများ အလေအလွင့် နည်းပါးပြီး အရည်အသွေး ပြည့်မီမှန်ကန်စွာဖြင့် အချိန်မီ ပြီးစီးရေး အလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားကာ ရေဖြန့်ဝေပေးမည့် ရေစုကန်၊ရေစက်ရုံနှင့် ရေပိုက်လိုင်း သွယ်တန်းနေမှုများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ ၂၁ရက်တွင် ပခုက္ကူမြို့ ရေပေးရေးအတွက် အမှတ်(၁၁) ရပ်ကွက်၌ ဌာနပိုင် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်နေမှု၊ ရေစုကန်တည်ဆောက်နေမှု**(အောက်ပုံ)**နှင့် ရေဖြန့်ဝေပေးမည့် ရေပိုက်လိုင်း သွယ်တန်းနေမှုများကို လည်းကောင်း၊ မြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ဆိပ်ဖြူမြို့သို့ရောက်ရှိ၍ မြို့ရေပေးရေးအတွက် (၄)လက်မ စက်ရေတွင်း တူးဖော်ပြီး ရေစုကန်မှတစ်ဆင့် ရေပိုက်လိုင်း သွယ်ယူဖြန့်ဝေပေးမည့် လုပ်ငန်းခွင်ကို လည်းကောင်း၊ မြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

သဲအင်းဂူ ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပသဲအင်းဂူနယ်ရိပ်သာ အမှတ်(၅)ကျောင်းတိုက်တွင် မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ ဩဝါဒါစရိယ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)ဆရာတော်နှင့် ဘဒ္ဒန္တ သိရိန္ဒ(သာသနဒီပ)ဆရာတော် တို့သည် အောက်တိုဘာ ၃ ရက်မှ ၁၂ ရက်အထိ ခန္ဓာဉာဏ်ရောက် ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ အောက်တိုဘာ ၂ ရက်ညနေ အရောက်ကြွရောက်ရန်နှင့် ဆွမ်းအလှူရှင်များ စာရင်းပေးလှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၆-၉-၂၀၀၅)

ရန်ကုန်(မင်္ဂလာဒုံ)	၄ဒသမ ၄၅ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၃ဒသမ ၇၀ လက်မ
မိတ္ထီလာ	၂ဒသမ ၂၄ လက်မ
ကော့သောင်း	၂ဒသမ ၂၀ လက်မ
ရန်ကုန်(မြို့လယ်)	၂ဒသမ ၁၇ လက်မ
အမ်း	၁ဒသမ ၉၇ လက်မ
ရမည်းသင်း	၀ဒသမ ၅၅ လက်မ

ဆုချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစံလွင်က သူငယ်တန်း ပထမဆုရ မောင်ရှိန်းဝဏ္ဏအောင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ဒမ်ရေး အပူပိုင်းမုန်တိုင်း ပိုမိုအားကောင်းလာ

ရန်ကုန် စက်တင်ဘာ ၂၆

ယနေ့နံနက် ၆နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်၌ ဖြစ်ပေါ်ခဲ့သောအားကောင်းသည့် အပူပိုင်းမုန်တိုင်း"ဒမ်ရေး"သည် တုံကင်းပင်လယ်ကွေ့သို့ ရောက်ရှိနေပြီး ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၏ အရှေ့တောင်ဘက် မိုင်၂၈၀ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ ယင်းမုန်တိုင်းသည် ပိုမိုအားကောင်းလာကာ အနောက်ဘက်သို့ ရွေ့လျားပြီး ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်းကမ်းခြေကိုဖြတ်ကျော်မည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှသတင်းရရှိသည်။ (သတင်းစဉ်)

ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် ထိပ်သီးအစည်းအဝေးမှ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် အနှစ်(၆၀)ပြည့် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ထိပ်သီးအဆင့် အစည်းအဝေးကို တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကုလသမဂ္ဂဆိုင်ရာ ခေတ္တဌာနေညှိနှိုင်းရေးမှူး Mr. Tang Zhengping၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးသည် အနှစ်(၆၀) ပြည့် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ထိပ်သီးအဆင့် အစည်းအဝေးကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၂၄ရက်အထိ တက်ရောက်ခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ကုလသမဂ္ဂ အစည်းအဝေး တက်ရောက်စဉ် ကာလအတွင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံ-ကုလသမဂ္ဂထိပ်သီးညီလာခံ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ အကောင်အထည်ဖော်မှုဆိုင်ရာ အဆင့်မြင့်ပုဂ္ဂိုလ်ကြီးများ မျက်နှာစုံညီ အစည်းအဝေးနှင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးဖက် နိုင်ငံများ၏ အစည်းအဝေး၊ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ အစည်းအဝေး၊ ၇၇ နိုင်ငံ အုပ်စုအဖွဲ့ဝင်နိုင်ငံများ၏ နှစ်ပတ်လည် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာ ကော်မတီအစည်းအဝေးတို့သို့လည်း တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးသည် ၂၀၀၅ ခုနှစ် စက်တင်ဘာ ၂၁ရက်တွင် အကြိမ်(၆၀)မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံမျက်နှာစုံညီ အစည်းအဝေး၌ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းကို ပြောကြားခဲ့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် အနှစ်(၆၀)ပြည့် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ထိပ်သီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅) တွင် အမှာစကားပြောကြားစဉ်။
(သစ်တောရေးရာ)

သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သွေးလှူရှင်အသင်း ဆိုင်းဘုတ်တင်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက် ၈နာရီတွင် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံး၌ကျင်းပသည့် မြို့နယ်သွေးလှူရှင်အသင်း ဆိုင်းဘုတ်တင်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်နှင့် (၁၁၃)ကြိမ်မြောက် သွေးလှူရှင် ဦးမောင်သိန်းတို့က ဖဲကြိုးဖြတ်၍ မြို့နယ်သွေးလှူရှင်အသင်း ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အကြိမ် (၁၀၀)နှင့်အထက် သွေးလှူရှင်များက ဆိုင်းဘုတ်လိုက်ကာကြိုးကို ဆွဲ၍ဖွင့်ပေးကြသည်။

တက်ရောက်

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်သည် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)နှင့် ပညာဒါနသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ပညာဒါနပေးလှူကြသည့် ဆရာ၊ ဆရာမကြီးများ၊ မြို့နယ်အတွင်း ထူးချွန်ဆုရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အကြိမ် (၁၀၀)နှင့်အထက် သွေးလှူရှင်များ၊ ပညာဒါနသင်တန်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်

ရန်ကုန် စက်တင်ဘာ ၂၆

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရန်ကုန်တိုင်းတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့ နံနက်မြန်မာစံတော်ချိန် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် အားကောင်းသော အပူပိုင်းမုန်တိုင်း "ဒမ်ရေး" သည် တုံကင်းပင်လယ်ကွေ့သို့ရောက်ရှိနေပြီး ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၏အရှေ့တောင်ဘက် မိုင် ၂၈၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ယင်းမုန်တိုင်းသည် ပိုမိုအားကောင်းလာကာ အနောက်ဘက်သို့ရွေ့လျားပြီး ယနေ့မွန်းတည့်မှနောက် ၂၄နာရီအတွင်း ကမ်းခြေကိုဖြတ်ကျော်မည်ဟု ခန့်မှန်းရသည်။

စက်တင်ဘာ ၂၇ ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ္တမကွေ့၊ မွန်၊ တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကြရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်။

လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း သုမင်္ဂလာအိမ်ရာနေ ဦးထွန်းသိန်း-ဒေါ်သိန်းသန်းမြင့်၊ သမီး မေပြည့်ဖွန့်၊ မေဖြိုးဖွန့်တို့က ငွေကျပ်သုံးသိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

မော်ကျွန်းမြို့နယ်အသင်း ပညာရည်ချွန်ဆုနှင်းပွဲနှင့် အရုဏ်ဆွမ်းလောင်းလှူပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

မော်လမြိုင်ကျွန်းမြို့နယ် အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ် ပညာရည်ချွန် ဆုနှင်းပွဲနှင့် အရုဏ်ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ၁၆ ရက်နှင့် ၁၇ ရက်များတွင် မော်လမြိုင်ကျွန်းမြို့တွင် ကျင်းပမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရန် ဒေသခံ မြို့နယ်သူ၊ မြို့နယ်သားများနှင့် တွေ့ဆုံ ဆွေးနွေးကြမည်ဖြစ်သည်။

ရန်ကုန်မြို့မှ အောက်တိုဘာ၁၅ ရက်နံနက်တွင် ဧရာဝတီသင်္ဘောဖြင့် သွားရောက်ပြီး အောက်တိုဘာ ၁၇ ရက် ညနေတွင် ရန်ကုန်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ရာ လိုက်ပါလိုသော အသင်းသူ၊ အသင်းသားများ အောက်တိုဘာ ၁၀ရက် နောက်ဆုံးထား၍ အသင်းအတွင်းရေးမှူး ဦးစိုးပိုင်(မြန်မာမျက်မှန်ဆိုင်) ရွှေဘုံသာလမ်း(အလယ်) ဖုန်း-၂၇၅၆၈၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အရောင်းမြှင့်တင်ပွဲ ပိတ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

ဟန်မြန်မာ သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့် ဖယ်လ်ကွန် စက်သုံးဆီကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် Millionaire Sale Promotion 2005 ပိတ်ပွဲ အခမ်းအနားနှင့် မိတ်ဆုံစားပွဲကို စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် အထူးဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟန်မြန်မာ သွင်းကုန်ထုတ်ကုန်လုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာဦးသိန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၅ ခုနှစ် အရောင်းမြှင့်တင်ပွဲတွင် ရောင်းအားအကောင်းဆုံးဆုရသူ အရောင်းကိုယ်စားလှယ်ကြီးများအား ဆုများချီးမြှင့်သည်။ **(ဓာတ်ပုံ)** ဆက်လက်ပြီး အရောင်းကိုယ်စားလှယ်ကြီးများအား ဗလာမပါကံစမ်းမဲများ ချီးမြှင့်ပြီး ဟန်မြန်မာ သွင်းကုန်ထုတ်ကုန်လုပ်ငန်းမှ မန်နေဂျာ ဦးစန်းငွေးက ကျေးဇူးတင်စကားပြောကြားကာ Millionaire သန်းဆုကြီးအတွက် ကံထူးရှင်ရွေးချယ်သည်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်တို့အား တွေ့ဆုံနှုတ်ဆက်

နှုတ်ဆက်

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာအား ဒါကာမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ခန်းမသို့ သွားရောက်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံတပ်မတော် ကြည်းတပ်ဦးစီးချုပ် Lt, Gen. Moeen U. Ahmed, psc. **၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် စက်တင်ဘာလ ၂၄ရက် နံနက် ၈နာရီခွဲတွင် တပ်မတော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့သို့ ထွက်ခွာခဲ့ကြသည်။**

ရောက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါလာသည့် တပ်မတော်အထူးလေယာဉ်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ရှိ ကိုမီတိုလာ လေတပ်အခြေစိုက်စခန်းသို့ ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

ဗိုလ်ချုပ်ကြီးသူရရွှေမန်းခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတပ်မတော် ကြည်းတပ်ဦးစီးချုပ် Lt, Gen. Moeen U. Ahmed, psc. Principal Staff Officer, Major General, AIM Mustafa Reza Noor, ndc၊ စစ်ရေးချုပ် Major General Sina IBN Jamali, awc, psc နှင့် တာဝန်ရှိသူများ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးသိန်းမြင့်၊ စစ်သံမှူး ဗိုလ်မှူးကြီးဟန်တင့်နှင့် သံရုံး၊ စစ်သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။ ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကိုမီတိုလာ လေတပ်အခြေစိုက်စခန်း Kurmitolaဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်ရေးချုပ် Maj. Gen. Sina IBN Jamali, awc, psc နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးဟန်တင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ တပ်မတော်ခန်းမသို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား စစ်ထောက်ချုပ် Maj. Gen. Abu Roshde Rokonuddawla, psc နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Lt, Gen. Moeen U. Ahmed, psc တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

✳ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင်ပါရှိပြီး ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ ညီလာခံ၏ လုပ်ငန်းများ ခရီးပေါက်၍ အောင်မြင်မှု အရှိန်အဟုန်ရရှိနေပြီဖြစ်သည်။

(ခေါင်းကြီး) စာမျက်နှာ–၂

✳ ဒို့ပြည်သူတွေ အမှန်ကိုအမှန်အတိုင်း သိရှိနိုင်၊ ရှုမြင်နိုင်၊ သုံးသပ်နိုင်အောင် နိုင်ငံတော်အစိုးရ မီဒီယာတွေနဲ့ အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိကြတဲ့၊ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိကြတဲ့ မီဒီယာလောကသားအားလုံးက အချိန်နဲ့တစ်ပြေးညီ အဆက်မပြတ် လုပ်ဆောင်သွားကြရမှာပဲ မဟုတ်လား.....

ဟိန်းမြင့်၏ **"အငြိမ်းစားတို့စကားဝိုင်း(၁၂)"**

(ဆောင်းပါး) စာမျက်နှာ–၆